မဲဆန္ဒရှင်များ၏ရွေးချယ်မှု နှင့်
၂၀၁၅ ခုနှစ်
အထွေထွေရွေးကောက်ပွဲတွင်
အမျိုးသမီးများပါဝင်မှု

# Women Political Action 2015

## Vote for Women: Determinants of Voter's Choice & Women's Participation in Election in Myanmar 2015

**Socio-Economic and Gender Research Institute (SEGRI)**

# ကျေးဇူးတင်လွှာ

ဤသုတေသနစစ်တမ်းသည် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်မှုအတွက်တက်ကြွလှုပ်ရှားသည့် အဖွဲ့များ၏ ပူးပေါင်းလုပ်ဆောင်မှုတစ်ရပ်ဖြစ်သော "အမျိုးသမီးများနိုင်ငံရေးလှုပ်ရှားမှု ၂၀၁၅" ကို ပံ့ပိုးရန်ရည်ရွယ်သည်။ အမျိုးသမီးများနိုင်ငံရေးနှင့် ခေါင်းဆောင်မှုနယ်ပယ်တွင် ကိုယ်စားပြုပါဝင်ခြင်းဖြင့် တန်းတူညီမျှသည့် လူမှုအဖွဲ့အစည်းကိုတည်ဆောက်ရန် ဟူသည့်ဦးတည်ချက်ကို အလေးထားသော "Socio-Economic and Gender Research Institute (SEGRI)" သည် အဆိုပါပံ့ပိုးမှုတွင် ပါဝင်ခွင့်ရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။ ဤသုတေသနစစ်တမ်း ဖြစ်မြောက်ရေး အတွက် အထောက်အကူပြုပံ့ပိုးပေးကြသော အောက်ပါအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်အသီးသီးတို့အား ကျေးဇူးတင်ကြောင်းမှတ်တမ်းတင်ပါသည်။

၁။ Burma Civil Society Strengthening Programme (Amatae), UK's Department for International

၂။ အမျိုးသမီးများနိုင်ငံရေးလှုပ်ရှားမှု ၂၀၁၅

၃။ အမျိုးသမီးအဖွဲ့များကွန်ယက် နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုမှ စာရင်းကောက်ယူသူများ

၅။ စာရင်းအင်းကျွမ်းကျင်ပညာရှင်အဖွဲ့ဝင်များ

၆။ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုမှ ပါဝင်ဖြေဆိုကြသော အမျိုးသမီး၊ အမျိုးသားများ

Socio-Economic and Gender Research Institute (SEGRI)
August 2015

# သုတေသနစာတမ်းအကျဉ်း

မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တစ်လျှောက်တွင် အမျိုးသမီးများသည် အခြားသောနိုင်ငံများနည်းတူ ရွေးကောက်ခံကိုယ်စားလှယ်၊ မဲပေးသူ၊ ကိုယ်စားလှယ်လောင်း၊ နှင့် တက်ကြွနိုးကြားမှုရှိသော နိုင်ငံသားများအဖြစ်ဖြင့် ပါဝင်နေခဲ့ကြသည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးရရှိသော ကိန်းဂဏန်း များအရ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ် နှင့်တိုင်းဒေသကြီးလွှတ်တော် နှစ်ရပ်စလုံး၌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၅၃ ဦး (၄.၆%) ပါဝင်ပြီး ပြည်သူ့လွှတ်တော်တွင် ၂၅ ဦး (၇.၈%)၊ အမျိုးသားလွှတ်တော်တွင် ၄ ဦး (၂.၄%)၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်တွင် ၂၄ ဦး (၃.၆%) ရှိသည်ဖြစ်ရာ[1] ကျားမတန်းတူညီမျှရေးအတွက် အနိမ့်ဆုံးလိုအပ်ချက်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ စံနှုန်း ၃၀% ပြည့်မီရန် များစွာလိုပါသေးသည်။

အမျိုးသမီးအဖွဲ့အစည်းများ၊ ကျားမတန်းတူညီမျှရေး လှုပ်ရှားဆောင်ရွက်ကြသည့်အဖွဲ့အစည်းများ၊ အမျိုးသမီးများနိုင်ငံရေးလှုပ်ရှားမှုအပါအဝင်ကွန်ယက်များ၊ နှင့် အမျိုးသမီးရေးတက်ကြွလှုပ်ရှားသူများသည် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအား မြန်မာ့နိုင်ငံရေး၏ (တစ်နည်းအားဖြင့် ဒီမိုကရေစီတည်ဆောက်ရေး၏) အရေးကြီးသောအချိုးအကွေ့အဖြစ်သာမက အမျိုးသမီးများနိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချသည့်နေရာများတွင် ကိုယ်စားပြုမှုတိုးမြင့်လာခြင်းဖြင့် အမျိုးသမီးအခွင့်အရေးများ လက်တွေ့ကျင့်သုံးရယူခံစားနိုင်ရေးအတွက် အရေးပါသောအလှည့်အပြောင်းအဖြစ် ရှုမြင်ကြသည်။

ဤသုတေသနစစ်တမ်းသည် ဆန္ဒမဲပေးသူ၏ရွေးချယ်မှုဆိုင်ရာများ၊ မဲပေးသည့်အလေ့အထများ၊ အမျိုသမီးများခေါင်းဆောင်မှုအပေါ်အမြင် နှင့် အတားအဆီးများ၊ နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအပေါ် ယေဘုယျအမြင်ကိုသိရှိခြင်းဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက် ပွဲတွင် အမျိုးသမီး၊ အမျိုးသားမဲဆန္ဒရှင်များ တက်ကြွစွာပါဝင်လာစေရေး နှင့် အမျိုးသမီးများ နိုင်ငံရေးကဏ္ဍတွင် ပိုမိုပါဝင်လာစေရေးအတွက် လိုအပ်သော တုန့်ပြန်ဆောင်ရွက်မှုများအား အကြံပြုရန် ရည်ရွယ်သည်။

**အခန်း** ၂ သည် ဖြေဆိုသူများ၏အချက်အလက်များဖြစ်သော လိင်၊ အသက်၊ အိမ်ထောင်ရေးအခြေအနေ၊ အတန်းပညာပြီးမြောက်မှု၊ အလုပ်အကိုင်၊ မိသားစုဦးရေ နှင့် ကိုးကွယ်ရာ ဘာသာ တို့ကိုဖော်ပြသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၄) ခုတွင် ဖြေဆိုသူဦးရေ (၁၁၅၉) ရှိသည့်အနက် အမျိုးသား (၃၆၁) ဦး (၃၀%) နှင့် အမျိုးသမီး (၈၃၄) ဦး (၇၀%) ပါဝင်သည်။ ဘွဲ့လွန်၊ ဘွဲ့ရ၊ တက္ကသိုလ်၊ နှင့် အထက်တန်းပညာအဆင့်ရှိသူများ (၈၀%) ၏သဘောထားများ ပိုမိထင်ဟပ်မှုရှိပြီး ပြည်နယ်နှင့် တိုင်း အလိုက်ကွဲပြားမှုရှိသည်။ အိမ်ထောင်ရှိသူ (၄၈%) နှင့် အိမ်ထောင်မရှိသူ (၄၅%) တို့ပါဝင်သည်။ အလုပ်အကိုင် ၁၂ မျိုးဖြင့်ခွဲခြားထားပြီး ကိုယ်ပိုင်လုပ်ငန်း

1

(၁၅%)၊ လခစားဝန်ထမ်း (၁၅%)၊ ကျောင်းသူ၊ကျောင်းသား (၁၁%)၊ အရောင်းအဝယ် (၉%)၊ အစိုးရဝန်ထမ်း (၈%) စသည်တို့ ပါဝင်သည်။ ဖြေဆိုသူများ၏ (၇၄%) သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည်။ အသက် ၁၈-၅၄နှစ် အတွင်းဖြေဆိုသူမှာ ဖြေဆိုသူစုစုပေါင်း၏ ၉၀% ဖြစ်သဖြင့် ဤစစ်တမ်းသည် အလုပ်လုပ်နိုင်သော အသက်အရွယ် အုပ်စုများ၏အမြင်ကို အများဆုံး ထင်ဟပ်သည်။ ဖြေဆိုသူတို့၏ ပျမ်းမျှအသက်မှာ (၃၆.၂) နှစ် ဖြစ်သည်။

**အခန်း ၃** သည်ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များရရှိမှု၊ မဲပေးသည့် အလေ့အထ၊ နှင့် မဲပေးသည့်ဆုံးဖြတ်ချက်အားလွှမ်းမိုးသည့်အချက်များ၊ နှင့် ၂၀၁၅ ရွေးကောက်ပွဲတွင်မည်သို့ပါဝင်မည် စသည်တို့ကိုဖော်ပြသည်။ ဖြေဆိုသူများ၏ (၅၅%) သည် ရွေးကောက်ပွဲဆိုင်ရာ သတင်း အချက်အလက်များကို "သတင်းစာ၊ ဂျာနယ်နှင့် အခြားမီဒီယာများ" မှ အဓိကရရှိသည်။ မဲဆန္ဒရှင်အသိပညာပေးသင်တန်းမှ (၉%) နှင့် ရွေးကောက်ပွဲကော်မရှင်မှ (၅%) သာရရှိကြသဖြင့် စိတ်ချယုံကြည်ရသော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက် အလက် ရရှိနိုင်သည့် သတင်းအရင်းအမြစ်များမလုံလောက်ခြင်း၊ လက်လှမ်းမှီမှုအားနည်းခြင်းကိုတွေ့ရ သည်။ "လူထုလှုံ့ဆော်စည်းရုံးခြင်း" (၃၃%)၊ "တီဗွီ၊ ရေဒီယိုမှမဲဆွယ်ခြင်း" (၂၆%) နှင့် "တစ်အိမ်တက်ဆင်းစည်းရုံးခြင်း" (၂၁%) သည် အထိရောက်ဆုံး မဲဆွယ်စည်းရုံးသည့် နည်းလမ်းများဖြစ်ကြသည်။ ရှမ်း၊ မကွေး၊ မန္တလေး၊ နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် "တီဗွီ၊ ရေဒီယိုမှမဲဆွယ်ခြင်း"၊ ပဲခူးတိုင်းဒေသကြီးတွင် "တစ်အိမ်တက်ဆင်းစည်းရုံးခြင်း" နှင့် မွန်ပြည်နယ်တွင် "ပိုစတာ၊ လက်ကမ်းစာစောင်နှင့်မဲဆွယ်ခြင်း" သည်အထိရောက်ဆုံးဖြစ်သည်။ နိုင်ငံရေးပါတီအားရွေးချယ်ရာတွင်အရေးကြီးဆုံးမှာ "ပါတီ၏မူဝါဒ၊ ပေါ်လစီ နှင့် ရည်ရွယ်ချက်" ဟု (၆၀%) ကဖြေဆိုသည်။ "မိမိလူမျိုးပါတီဖြစ်မှု" ကိုအခြေခံရွေးချယ်မည်ဟုဖြေဆိုသူအများစုသည် မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်မှဖြစ်ကြသည်။ ကိုယ်စားလှယ်လောင်းအားရွေးချယ်ရာတွင် "ခေါင်းဆောင်မှု၊ ကိုယ်ရည်ကိုယ်သွေး နှင့် ပညာအရည်အချင်း" (၄၉%) သည် အရေးကြီးဆုံး ဖြစ်သည်။

၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်မဲပေးနိုင်သောအသက်အရွယ်ရှိသူများ၏ (၆၃%) နှင့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် (၆၂%) နှင့် ၂၀၀၈ ခုနှစ် ဆန္ဒခံယူပွဲတွင် (၃၆%) တို့ပါဝင်မဲပေးခဲ့ကြသည်။ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားများ (၇၀%) သည် အမျိုးသမီးများ (၆၁%) ထက် ဆန္ဒမဲပေးခြင်းတွင် ပိုမိုပါဝင်ခဲ့ကြသည်။ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်မူ အမျိုးသမီးများက (၆၃%) ဖြင့်ပိုမိုပါဝင်လာကြပြီး၊ အမျိုးသားများ ကမူ (၅၈%) ဖြင့်ပါဝင်မှုကျဆင်းလာကြောင်း တွေ့ရသည်။ ၁၉၉၀ နှင့် ၂၀၁၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ နှင့် ၂၀၀၈ ခုနှစ် ဆန္ဒခံယူပွဲများတွင် ပါဝင်ခဲ့မှုကို "မသိပါ၊ မမှတ်မိပါ" ဟု ဖြေဆိုသူများတွင် အမျိုးသမီး ရာခိုင်နှုန်းသည် အမျိုးသား ရာခိုင်နှုန်းထက် ပိုများသည်။

အမျိုးသမီးများသည် အမျိုးသားများထက် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမှီမှု နှင့် စိတ်ဝင်စားမှုအားနည်းသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများကြား ၁၉၉၀ နှင့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် ပါဝင်မှုကို နှိုင်းယှဉ်လေ့လာပါက မွန်ပြည်နယ်၊ တနင်္သာရီ နှင့် စစ်ကိုင်း တိုင်းဒေသကြီး၊ တို့သည် မဲဆန္ဒပေးမှုနှုန်း အနိမ့်ဆုံး ဒေသများ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် "မသိပါ၊ မမှတ်မိ"ပါ ဟု ဖြေဆိုသူ အစဉ်တစိုက်အမြင့်ဆုံးဒေသဖြစ်သည်။

မဲပေးရခြင်း၏အဓိကအကြောင်းရင်းမှာ "နိုင်ငံသားတစ်ဦးအနေဖြင့် တာဝန်ရှိ၍မဲပေးခြင်း" (၅၅%) နှင့် "တာဝန်သိနိုင်ငံခေါင်းဆောင်ကိုရွေးချယ်ရန် မဲပေးခြင်း" (၃၀%) ဖြစ်သည်။ "အိမ်မှ တစ်ယောက် မျှမဲမပေး၍ သို့မဟုတ် မသိ၍မဲမပေးခြင်း" (၂၈%)၊ "မဲစာရင်းတွင်နာမည်မပါ၍ မဲမပေးခြင်း" (၂၃%) နှင့် "ရွေးကောက်ပွဲကို (ပါတီ၊ ကိုယ်စားလှယ်) မယုံကြည်၍ မဲမပေးခြင်း" (၁၆%) သည် မဲမပေးခြင်း၏ အဓိကအကြောင်းရင်းများ ဖြစ်သည်။ ဖြေဆိုသူအမျိုးသမီးများ မဲမပေးခြင်း၏ အဓိကအကြောင်းရင်းများမှာ "အိမ်မှတစ်ယောက်မျှမဲမပေး၍ သို့မဟုတ် မသိ၍ မဲမပေးခြင်း" (၃၀%)၊ "မဲစာရင်းတွင်နာမည်မပါ၍ မဲမပေးခြင်း" (၂၂%) နှင့် "အိမ်ထောင်ဦးစီး မဲပေးလျှင် ကိုယ်တိုင်မဲပေးစရာမလိုဟုထင်၍ မဲမပေးခြင်း" (၁၃%) တို့ ဖြစ်သည်။

ဖြေဆိုသူအားလုံး၏ (၅၄%) က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၎င်းတို့မည်သည့် ပါတီအားမဲပေးမည်ကို "အလွန်သေချာစွာ" နှင့် "သေချာစွာ" ဆုံးဖြတ်ချက်ချထားကြသည် ဟုဖြေဆိုပြီး၊ (၃၀%) က "မသေချာပါ" နှင့် (၁၆%) သည် "မသိပါ" ဟုဖြေဆိုသဖြင့် စုစုပေါင်း (၄၆%) သည် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ ပါဝင်ရန်ပြင်းပြသောစိတ်အားထက်သန်မှု နည်းပါး သည်ကိုတွေ့ရသည်။ အဆိုပါစိတ်အားထက်သန်မှုနည်းသည့်ဖြေဆိုသူ (၄၆%) တွင် အမျိုးသမီး (အမျိုးသမီးဖြေဆိုသူအားလုံး၏ ၅၀%) သည် အမျိုးသား (အမျိုးသား ဖြေဆိုသူ အားလုံး၏ ၃၈%) ထက်သိသာစွာများသည်။ ယင်းအချက်သည် နိုင်ငံ၏လူဦးရေ ထက်ဝက် ကျော် ရှိသော အမျိုးသမီးထုသည် ၎င်းတို့၏မဲပေးနိုင်သည့်အခွင့်အရေးကို ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ထိရောက်စွာအသုံးချနိုင်ပါမည်လား ဟူသည့်အချက်အပေါ် သံသယဖြစ်ဖွယ် စိုးရိမ်ဖွယ်ဖြစ်သည်။ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးရန် စိတ်အား ထက်သန်မှုအနည်းဆုံးဒေသများအဖြစ် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် နှင့် စစ်ကိုင်းတိုင်း ဒေသ ကြီးတို့ကိုလည်းကောင်း၊ စိတ်အားထက်သန်မှုအနည်းဆုံးအုပ်စုအဖြစ် "ကျောင်းသူ၊ ကျောင်းသား အုပ်စု" (ကျောင်းသူ၊ကျောင်းသားအားလုံး၏ ၇၁%) ကို လည်းကောင်း တွေ့ရှိရသဖြင့် ယင်းတို့ သည်အထူးအလေးပေးလုပ်ဆောင်ရန်လိုသည့်ဒေသများ နှင့် ဦးတည်အုပ်စုများ ဖြစ်ကြသည်။

**အခန်း ၄** သည်အမျိုးသမီးများ ခေါင်းဆောင်မှုနှင့်နိုင်ငံရေးတွင်ပါဝင်မှုအပေါ်အမြင် နှင့် အခက်အခဲ အတားအဆီးများ၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အမျိုးသမီးကိုယ်စားလှယ် လောင်းများအပေါ်သဘောထားတို့ကို ဖော်ပြထားသည်။ ဖြေဆိုသူများ၏ (၉၁%) က "အမျိုးသမီး

ကိုယ်စားလှယ်လောင်းကိုမဲပေးမည်” နှင့် “ကိုယ်စားလှယ်လောင်းသည် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မဲပေးမည်” ဟုဖြေဆိုကြသဖြင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများကိုမဲပေးမှုအပေါ် ကျား-မအခြေခံသောခွဲခြားမှုမရှိ ဟု ယေဘုယျသုံးသပ်သည်။ သို့ရာတွင် “အမျိုးသမီးကိုယ်စားလှယ်လောင်းကိုမဲမပေးပါ” ဟု ဖြေဆိုသူ (၄%) မျှသာရှိခြင်းကြောင့် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်မှုကိုငြင်းဆန်သော၊ မယုံကြည်သောသဘောရှိသူနည်းပါးသည် ဟုဆိုနိုင်မည်ဖြစ်သော်လည်း ယင်းသို့ဖြေဆိုကြသူများတွင် အမျိုးသမီးရာခိုင်နှုန်းသည် အမျိုးသားရာခိုင်နှုန်းထက်များသည်ဖြစ်ရာ၊ အမျိုးသမီးများနိုင်ငံရေးခေါင်းဆောင်မှုကဏ္ဍကိုအမျိုးသမီးများကိုယ်တိုင်ယုံကြည်ပံ့ပိုးရန်လိုအပ်နေကြောင်းကို ပြသသည်။ ဖြေဆိုသူ (၉၃%) က “ခေါင်းဆောင်မှုစွမ်းရည်ရှိသော၊ ပညာတတ်သော” အမျိုးသမီး ကိုယ်စားလှယ်လောင်းကို မဲပေးလိုသည်။ အမျိုးသမီးများ ကိုယ်စားလှယ်လောင်းဖြစ်ရန် မြန်မာ့လူ့အဖွဲ့အစည်းတွင်ရှိနေသည့် အဓိကအတားအဆီးမှာ “ယဉ်ကျေးမှုနှင့်လူမှုအသိုင်းအဝိုင်း၏ အမျိုးသမီးများအပေါ်အမြင်များ” (၄၄%)၊ “အမျိုးသမီးခေါင်းဆောင်မှုကိုမကြိုက်ခြင်း” (၁၁%)၊ နှင့် “အိမ်မှုကိစ္စ နှင့် ကလေးကိစ္စများကြောင့်မအားလပ်ခြင်း” (၁၀%) တို့ ဖြစ်သည်။

**အခန်း (၅)** သည်အမျိုးသမီးများနိုင်ငံရေးတွင်ပိုမိုပါဝင်လာရေးကို ဦးတည်၍ ရွေးကောက်ပွဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ နှင့် မီဒီယာ၏ရပ်တည်မှုအပေါ် ယေဘုယျအမြင်၊ ပြုပြင်ပြောင်းလဲရေးအပေါ်အကြံပြုချက်များကိုတင်ပြထားသည်။ ဖြေဆိုသူများ၏ (၄၀%) က မြန်မာနိုင်ငံ၏ လက်ရှိရွေးကောက်ပွဲဥပဒေနှင့်ပတ်သက်၍လည်းကောင်း၊ (၄၅%) က ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍လည်းကောင်း “မသိပါ” ဟုဖြေဆိုကြသဖြင့် ရွေးကောက်ပွဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ သတင်းအချက်အလက် နှင့်ပတ်သက် အသိအမြင်စိတ်ဝင်စားမှု နည်းပါးကြောင်းတွေ့ရသော်လည်း၊ (၆၄%) သောဖြေဆိုသူများက လွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ် အရေအတွက်တိုးမြင့်ရန်အတွက် “လက်ရှိဥပဒေနှင့်ကျင့်သုံးမှုများကို ပြုပြင်ရန် သို့မဟုတ် ပြောင်းလဲရန်လိုအပ်သည်” ဟုဖြေဆိုကြသည်။ အဓိကကျသော ပြုပြင်ပြောင်းလဲမှုများအတွက် “အမျိုးသမီးများယခုထက်နိုင်ငံရေးနှင့်အုပ်ချုပ်ရေးအသိအမြင်များပိုကျယ်ရန်လိုသည်” (၄၁%)၊ “လွှတ်တော်တွင် အမျိုးသမီးများအတွက်သီးသန့်ဖယ်ထားသော ရာခိုင်နှုန်းတစ်ခုထားပေးရန်လိုသည်” (၂၆%)၊ “အမျိုးသမီးများ ရပ်ရေး၊ ရွာရေးဆိုင်ရာခေါင်းဆောင်မှုနှင့်အုပ်ချုပ်မှုလက်တွေ့အတွေ့အကြုံ များရှိရန်လိုသည်” (၁၅%)၊ တို့ကိုအကြံပြုကြသည်။

**အခန်း ၆** သည် သုတေသနစစ်တမ်း၏ အဓိကတွေ့ရှိချက်များကို (၁) မဲပေးသူ ၏ရွေးချယ်မှု၊ ၊ (၂) မဲပေးသည့်အလေ့အထ (၃) အမျိုးသမီးများနိုင်ငံရေးနယ်ပယ်တွင် ခေါင်းဆောင်မှုအပေါ် အမြင် နှင့် အတားအဆီးများ၊ နှင့် (၄) ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်အပေါ်ယေဘုယျအမြင်ဟူ၍ အပိုင်း (၄) ပိုင်းဖြင့် စုစည်းတင်ပြထားပြီး အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ပိုမိုပါဝင် လာခြင်းဖြင့် အမျိုးသမီးများနိုင်ငံရေးခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ကိုယ်စားပြုမှုမြင့်မားစေရန် ရည်မှန်း၍

၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက် အကြံပြုချက်များအပါအဝင်၊ ရေတို ရေရှည် လုပ်ဆောင်ရန် အကြံပြုချက်များကို ဖော်ပြထားသည်။

# မာတိကာ


အခန်း ၁: နိဒါန်း ........ 9

၁.၁. နောက်ခံအကြောင်းအရာ ........ 9

၁.၂. သုတေသနစစ်တမ်း၏နောက်ခံအကြောင်းအရာ ........ 10

၁.၃. ရည်ရွယ်ချက်များ ........ 11

၁.၄. သုတေသနစစ်တမ်းကောက်ယူမှုနည်းလမ်း ........ 11

၁.၅. သုတေသနစစ်တမ်းအတွက်ငွေကြေးထောက်ပံ့မှု ........ 13

၁.၆. ကန့်သတ်ချက်များ နှင့် အားနည်းချက်များ ........ 13

အခန်း ၂:ဖြေဆိုသူများ၏အချက်အလက်များ ........ 14

၂.၁. နေထိုင်ရာဒေသ ........ 14

၂.၂. အသက်အုပ်စု ........ 15

၂.၃. အိမ်ထောင်ရေးအခြေအနေ ........ 15

၂.၄. ကလေးဦးရေနှင့်အသက်အုပ်စု ........ 16

၂.၅. အတန်းပညာပြီးမြောက်မှု ........ 17

၂.၆. မိသားစုအရွယ်အစား ........ 21

၂.၇. အလုပ်အကိုင် ........ 23

၂.၈. ကိုးကွယ်ရာဘာသာ ........ 25

အခန်း ၃: မဲဆန္ဒရှင် အမျိုးသား၊ အမျိုးသမီးတို့၏ ရွေးချယ်မှု ........ 26

၃.၁. ရွေးကောက်ပွဲနှင့်ပတ်သက်သောသတင်းအချက်အလက်ရရှိမှု ........ 27

၃.၂. မဲဆွယ်စည်းရုံးသည့်နည်းလမ်းများ ........ 29

၃.၃. ၁၉၉၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု ........ 31

၃.၄. ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင်ပါဝင်မှု ........ 34

၃.၅. ၂၀၁၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု ........ 37

၃.၆. မဲပေးရခြင်း၊ မဲမပေးရခြင်း အကြောင်းများ ........ 40

၃.၇. မဲဆန္ဒရှင်၏ရွေးချယ်မှု ........ 43

၃.၈. ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု ........ 45

၃.၉. မဲပေးသည့်အလေ့အထ ........................................................................................50
အခန်း ၄: နိုင်ငံရေးနှင့်ရွေးကောက်ပွဲတွင်အမျိုးသမီးများ၏ပါဝင်မှု ................................................54
၄.၁. အမျိုးသမီးများခေါင်းဆောင်မှုနှင့်နိုင်ငံရေးတွင်ပါဝင်မှုအပေါ် အမြင် ......................................55
၄.၂. အမျိုးသမီးကိုယ်စားလှယ်လောင်းဖြစ်ရန်လူမှုဖွဲ့အစည်းရှိအတားအဆီးများ ............................58
အခန်း ၅: ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပေါ် ယေဘုယျအမြင် .....................................................61
၅.၁. ရွေးကောက်ပွဲဥပဒေ၊လုပ်ထုံးလုပ်နည်းများ နှင့် မီဒီယာအပေါ် ယေဘုယျအမြင်.......................62
၅.၂. အမျိုးသမီးကိုယ်စားလှယ်လောင်း၏ဥပဒေဆိုင်ရာအခက်အခဲများ......................................65
၅.၃. လက်ရှိရွေးကောက်ပွဲဥပဒေနှင့်ကျင့်သုံးနေမှုများအပေါ် ယေဘုယျအမြင် ..............................66
အခန်း ၆: အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ ...............................................................69
၆.၁. မဲပေးသူ၏ရွေးချယ်မှု.......................................................................................................69
၆.၂. မဲပေးသည့်အလေ့အထ ........................................................................................71
၆.၃. အမျိုးသမီးများနိုင်ငံရေးတွင်ခေါင်းဆောင်မှုအပေါ် အမြင်နှင့်အတားအဆီးများ ........................74
၆.၄. ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအပေါ် ယေဘုယျအမြင်...........................................75
နောက်ဆက်တွဲ (၁) သုတေသနစစ်တမ်းမေးခွန်းလွှာ..............................................................77
နောက်ဆက်တွဲ (၂) မဲပေးသည့်အလေ့အထနှိုင်းယှဉ်ချက် ......................................................86

# အခန်း ၁: နိဒါန်း

## ၁.၁. နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံ၏၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပိုဒ် ၃၆၉ တွင် "နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဟု ပါရှိသည်။ ၎င်းအပိုဒ်တွင်ပင် "သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်" ဟု အာမခံပါသည်။

မြန်မာနိုင်ငံတော်အစိုးရက ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on Elimination All forms of Discrimination Against Women) အပိုဒ် (၇) တွင် "စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံအတွင်း နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်တွင် အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရန်အတွက် သင့်လျော်သည့် နည်းလမ်းမျိုးစုံဖြင့် အရေးယူဆောင်ရွက်ရမည်။ အထူးသဖြင့် အမျိုးသားများနှင့် တန်းတူညီမျှစွာ အမျိုးသမီးများအနေဖြင့် - (က) ရွေးကောက်ပွဲများနှင့် ပြည်သူ့ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိရေးနှင့်၊ သက်မှတ်သောအရည်အချင်းနှင့်ပြည့်စုံပါက ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိရေး၊ (ခ) အစိုးရမူဝါဒချမှတ်ခြင်း၊ ၎င်းနှင့်သက်ဆိုင်သော အကောင်အထည်ဖော်ဆောင်ခြင်းတို့တွင်ပါဝင်ရေး၊ (ဂ) နိုင်ငံအတွင်း ပြည်သူ့အများနှင့်သက်ဆိုင်သောကိစ္စရပ်များ၊ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များနှင့်ဆက်စပ်သော အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များတွင် ပါဝင်ရေး - တို့အတွက် သင့်လျော်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရပါမည်။" ဟုပါရှိသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည့်အချိန်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ ၁၉၆၂ ခုနှစ်မှ စ၍ စစ်အုပ်ချုပ်ရေးစနစ်ကျင့်သုံးခဲ့ပြီး ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားအုံကြွမှုကြီးမှအစပြု၍ ဒီမိုကရေစီရရှိရေးကြိုးပမ်းမှုများစတင်ခဲ့သည်။ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုယ်စားလှယ် ၄၉၂ နေရာအတွက်၊ စုစုပေါင်း ၉၃ ပါတီမှ ကိုယ်စားလှယ်လောင်း ၂၂၉၇ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။[2] သို့ရာတွင် အမျိုးသမီး ကိုယ်စားလှယ် ၂.၆၈% သာပါဝင်ခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုခဲ့ပြီး ၂၀၁၀ ခုနှစ်တွင်အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားနှင့် နိုင်ငံရေးပါတီ အချို့ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ကြပေ။ ၂၀၁၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ

[2] Nohlen, D, Grotz, F & Hartmann, C (2001) *Elections in Asia: A data handbook, Volume I*, p611 ISBN 0-19-924958-X

တွင် "ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ" အနိုင်ရရှိခဲ့ပြီး နိုင်ငံတော်အာဏာကိုရယူခဲ့သည်။ ၂၀၁၂ ခုနှစ် လစ်လပ်နေရာများအတွက် ကျင်းပသောကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ယှဉ်ပြိုင်ရာ ကိုယ်စားလှယ် ၄၅ နေရာတွင် ၉၆% အနိုင်ရရှိခဲ့သည်။

## ၁.၂. သုတေသနစစ်တမ်း၏နောက်ခံအကြောင်းအရာ

မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တစ်လျောက်တွင် အမျိုးသမီးများသည် အခြားသောနိုင်ငံများနည်းတူ ရွေးကောက်ခံကိုယ်စားလှယ်၊ မဲပေးသူ၊ ကိုယ်စားလှယ်လောင်း၊ နှင့် တက်ကြွနိုးကြားမှုရှိသော နိုင်ငံသားများအဖြစ်ဖြင့်ပါဝင်ခဲ့ကြသည်။ သို့ရာတွင် အမျိုးသမီးများပါဝင်မှုနှင့် ကိုယ်စားပြုမှုမှာ အပြည်ပြည်ဆိုင်ရာအနိမ့်ဆုံးစံသတ်မှတ်ချက်ဖြစ်သော ၃၀% ကိုလှမ်းမီရန် များစွာဝေးကွာနေဆဲဖြစ်ကြောင်းတွေ့ရသည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးရရှိသော ကိန်းဂဏန်းများ အရ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များတွင် အမျိုးသမီးများ ကိုယ်စားပြုမှုမှာ ၄.၆% သာရှိကြောင်းတွေ့ရသည်။[3]

လာမည့် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲကို မြန်မာ့နိုင်ငံရေး၏ (တစ်နည်းအားဖြင့် ဒီမိုကရေစီတည်ဆောက်ရေး၏) အရေးကြီးသော အချိုးအကွေ့တစ်ခုအဖြစ်၊ မြန်မာပြည်သူများ သာမက ကမ္ဘာကလည်း ကြီးစွာသောမျှော်လင့်ချက်တို့ဖြင့် စိတ်ဝင်တစားနှင့်စောင့်ကြည့်နေသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးမှစတင်၍ အရှိန်အဟုန်အားကောင်းလာကြသော အမျိုးသမီး အဖွဲ့အစည်းများ၊ ကျားမတန်းတူညီမျှရေးလှုပ်ရှားဆောင်ရွက်ကြသည့် အဖွဲ့အစည်းများ၊ အမျိုးသမီးများနိုင်ငံရေး လှုပ်ရှားမှုအပါအဝင် ကွန်ယက်များ၊ နှင့် အမျိုးသမီးရေးတက်ကြွလှုပ်ရှားသူများကလည်း ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအား နိုင်ငံရေးနှင့် ခေါင်းဆောင်မှု နယ်ပယ်တွင် အမျိုးသမီးများကိုယ်စားပြုမှုတိုးမြင့်လာခြင်းဖြင့် အမျိုးသမီးအခွင့်အရေးများ လက်တွေ့ကျင့်သုံး ရယူခံစားနိုင်စေရေးအတွက် အရေးပါသော အလှည့်အပြောင်းတစ်ခုအဖြစ် ရှုမြင်ကြသည်။

ဤသုတေသနစစ်တမ်းသည် မဲပေးသည့်အလေ့အထ၊ မဲပေးသူ၏ရွေးချယ်မှု၊ အမျိုးသမီးများ နိုင်ငံရေးနယ်ပယ်တွင်ခေါင်းဆောင်မှုအပေါ်အမြင်နှင့်အတားအဆီးများ၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအပေါ်ယေဘုယျအမြင် တို့ကိုသိရှိပြီး ဤသုတေသနစစ်တမ်းပါ တွေ့ရှိချက်များကို အခြေခံ၍ အမျိုးသမီးများနိုင်ငံရေးကဏ္ဍတွင်ပိုမိုပါဝင်လာစေရေး နှင့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသမီး၊ အမျိုးသား မဲဆန္ဒရှင်များ တက်ကြွစွာပါဝင်လာစေရေးအတွက် လိုအပ်သောတုန့်ပြန်ဆောင်ရွက်မှုများလုပ်ဆောင်ရာတွင် အကြံပြုရန်ရည်ရွယ်သည်။

[3] ဖန္တီးအိမ□□င□က်ားမတန□းတူညီမွ်ရေးကြနသက□၊ ၂၀၁၃။

## ၁.၃. ရည်ရွယ်ချက်များ

ဤသုတေသနစစ်တမ်းသည် ဆန္ဒမဲပေးသူ၏ရွေးချယ်မှုကို လွှမ်းမိုးသောအချက်များကို လေ့လာရန်၊ အမျိုးသမီးများနိုင်ငံရေး နှင့် ရွေးကောက်ပွဲတွင်ပါဝင်မှုအား ဟန့်တားထားသည့် အချက်များ နှင့် အမျိုးသမီးများ၏ နိုင်ငံရေးနယ်ပယ်တွင်ပါဝင်မှုနည်းပါးသည့် အကြောင်းရင်းများကို သိရှိနိုင်ရန် အတွက် အောက်ပါ ရည်ရွယ်ချက်များကို ထားရှိဆောင်ရွက်သည်။

၁။ ဆန္ဒမဲပေးသူ၏ ရွေးချယ်မှုဆိုင်ရာအချက်များကို လေ့လာဆန်းစစ်ရန်၊ (ရွေးကောက်ပွဲဆိုင်ရာ သတင်းရရှိမှု၊ မဲဆွယ်စည်းရုံးသည့်နည်းလမ်း၊ ပါတီ နှင့် ကိုယ်စားလှယ်လောင်းအား ရွေး ချယ်မှု)

၂။ ဆန္ဒမဲပေးသူများ၏ မဲပေးသည့်အလေ့အထဆိုင်ရာအချက်များကို လေ့လာဆန်းစစ်ရန်၊ (၁၉၉၀၊ ၂၀၁၀၊ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲ၌ မဲပေးသည့်အလေ့အထ၊ မဲပေးခြင်း နှင့် မဲမပေးခြင်း၏အကြောင်းပြချက်၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု)

၃။ အမျိုးသမီးများနိုင်ငံရေးနယ်ပယ်တွင်ခေါင်းဆောင်မှုအပေါ်အမြင် နှင့် အတားအဆီးများကို လေ့လာဆန်းစစ်ရန်၊ (အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်မှုအပေါ်အမြင်၊ အမျိုးသမီးကိုယ်စားလှယ်လောင်းအားရွေးချယ်မှု၊ အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် အတားအဆီးများ)

၄။ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအပေါ် ယေဘုယျအမြင်ကို လေ့လာရန်၊ (ရွေးကောက်ပွဲ ဥပဒေ နှင့် လုပ်ထုံးလုပ်နည်း၊ အမျိုးသမီးကိုယ်စားလှယ်လောင်းအမည်တင်သွင်းမှုအခက်အခဲ)

## ၁.၄. သုတေသနစစ်တမ်းကောက်ယူမှုနည်းလမ်း

ဤအခန်းတွင် သုတေသနစစ်တမ်းကောက်ယူရန် မေးခွန်းလွှာပြုစုခြင်း၊ နေရာဒေသနှင့် ဦးတည် အုပ်စုများ ရွေးချယ်သတ်မှတ်ခြင်း၊ အချက်အလက်များကောက်ယူခြင်း၊ စာရင်းသွင်းခြင်းနှင့်ပြုစု ခြင်းများအတွက် အသုံးပြုသည့်နည်းလမ်းပုံစံများကို တင်ပြပါမည်။

### ၁.၄.၁. မေးခွန်းလွှာပြုစုခြင်း

ဤမေးခွန်းလွှာသည် Danish Institute for Parties and Democracy (DIPE), the UN Women, and the Royal Government of Bhutan တို့မှ ၂၀၁၄ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော သုတေသနလေ့လာချက် (Study of the Determinants of Voter's Choice and Women's Participation in Elective Offices in The Kingdom of Bhutan) ၏မေးခွန်းလွှာအပေါ်တွင် အခြေခံ၍ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် မေးခွန်းလွှာပုံစံကိုပြန်လည်ပြုစုအသုံးပြုသည်။ သုတေသနစစ်တမ်းကောက်ယူမှုတွင် မေးခွန်းလွှာ အား (က) ဖြေဆိုသူ၏ အချက် အလက် များ၊ (ခ) မဲဆန္ဒရှင်၏ရွေးချယ်မှု၊ (ဂ) အမျိုးသမီးများနိုင်ငံရေးနှင့် ရွေးကောက်ပွဲတွင်ပါဝင်မှု၊ နှင့် (ဃ) ရွေးကောက်ပွဲအပေါ် ယေဘူယျအမြင်ဟူ၍ အပိုင်း (၄)ပိုင်း ခွဲထားပြီး၊ အပိုင်း(က)တွင် မေးခွန်း ၈ခု၊ အပိုင်း (ခ)တွင် ၁၀ခု၊ အပိုင်း(ဂ)တွင် ၆ခု၊ အပိုင်း(ဃ)တွင် ၆ခုဖြင့် စုစုပေါင်းမေးခွန်း ၃၀ ခု ပါဝင်သည်။

### ၁.၄.၂. နေရာဒေသနှင့်ဦးတည်အုပ်စုများ ရွေးချယ်သတ်မှတ်ခြင်း၊

ဤသုတေသနစစ်တမ်းတွင် ဖြေဆိုသူအားလုံး (၁၂၆၀ဦး) ၏ ၇၀% သည်အမျိုးသမီးများဖြစ်ပြီး၊ ကျန် ၃၀% သည် အမျိုးသားများဖြစ်သည်။ ဖြေဆိုသူများမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄) ခု ရှိ မြို့ကြီး များနှင့်အနီးပတ်ဝန်းကျင်မှ အသက် (၁၈) နှစ်အထက်ရှိသူများဖြစ်သည်။

ဤသုတေသနစစ်တမ်းသည် အလုပ်အကိုင်အမျိုးအစား ၁၂မျိုး ခွဲခြားသတ်မှတ်ကာ မတူညီသော ဦးတည်အုပ်စုများကို ရွေးချယ်ခြင်းဖြင့် လူထုလူတန်းစားအလွှာစုံပါဝင်နိုင်စေရန် ကြိုးစားထားသည်။ အလုပ်အကိုင်အမျိုးအစား ၁၂ မျိုးတွင်- လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားလှယ်လောင်း၊ အစိုးရဝန်ထမ်း၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်၊ နိုင်ငံရေးသမား သို့မဟုတ် တက်ကြွလှုပ်ရှားသူ၊ ကိုယ်ပိုင်လုပ်ငန်း၊ လခစားဝန်ထမ်း၊ လက်လုပ်လက်စား၊ ကျောင်းသူ/သား၊ အရောင်းအဝယ်၊ အိမ်ထောင်ရှင်အမျိုးသမီး သို့မဟုတ် အိမ်ထောင်ရှင်အမျိုးသား၊ ပင်စင်စား နှင့် မှီခို တို့ပါဝင်သည်။

### ၁.၄.၃. အချက်အလက်များကောက်ယူခြင်း၊

ဤသုတေသနစစ်တမ်းကောက်ယူမှုကို လူမှု-စီးပွားနှင့်ကျား-မရေးရာသုတေသနအဖွဲ့ (Socio-Economic and Gender Research Institute) က ဦးဆောင်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၄) ခုမှ စာရင်းကောက်ယူသူ (၂၀) ဦးဖြင့် ၂၀၁၅ ခုနှစ် ဇွန်လတွင်ကောက်ယူခဲ့သည်။ စာရင်းကောက်ယူသူအများစုသည် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုတွင်နေထိုင်သော၊ စာရင်းကောက်ယူမှုအတွေ့အကြုံရှိသော အမျိုးသမီးအဖွဲ့များကွန်ယက်မှအဖွဲ့ဝင်များနှင့် အခြား မိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များဖြစ်ကြသည်။ စမ်းသပ်သုတေသနကောက်ယူမှုကို ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ် မေလ တွင်ပြုလုပ်ခဲ့ပြီး၊ စစ်တမ်းမေးခွန်းလွှာလိုအပ်သောပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇွန်လတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခု၌ မေးခွန်းလွှာ (၁၂၆၀) ကို ကောက်ယူခဲ့ပြီး ၎င်းတို့အနက်မှ ဖြေဆိုမှုအရည်အသွေးပြည့်စုံမှုမရှိသော မေးခွန်းလွှာ (၆၅) စောင် (၅%) ကို ပယ်ကာ ပြည့်စုံမှုရှိသော (၁၁၉၅) စောင်ကို စာရင်းသွင်း ဆန်းစစ်မှုများပြုလုပ်ခဲ့သည်။

### ၁.၄.၄. စာရင်းသွင်းခြင်းနှင့်ဆန်းစစ်ခြင်း

ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုမှကောက်ယူရရှိလာသော မေးခွန်းလွှာများကို အချက်အလက်များ ပြည့်စုံမှုရှိစေရန်စီစစ်ပြီး Census and Survey Processing System (CSPro) ကို အသုံးပြု၍ စာရင်းထည့်သွင်းသည်။ ယင်းနောက် Statistical Package for Social Science (SPSS) အသုံးပြု၍ ဆန်းစစ်ချက်များလုပ် ဆောင်ခဲ့သည်။

## ၁.၅. သုတေသနစစ်တမ်းအတွက်ငွေကြေးထောက်ပံ့မှု

ဤသုတေသနစစ်တမ်းကောက်ယူခြင်းကို Burma Civil Society Strengthening Programme (Amatae), UK's Department for International ၏ပံ့ပိုးမှုဖြင့် လုပ်ဆောင်သည်။

## ၁.၆. ကန့်သတ်ချက်များ နှင့် အားနည်းချက်များ

ဤသုတေသနစစ်တမ်းကောက်ယူမှုတွင် အောက်ပါကန့်သတ်ချက်များ နှင့် အားနည်းချက်များ ရှိပါသည်။

၁။ သတ်မှတ်ဦးတည်အုပ်စုများကို အလုပ်အကိုင် ၁၂ မျိုးဖြင့်အခြေခံကာ ရွေးချယ်ကောက်ယူခဲ့သော်လည်း တွေ့ရှိချက်များသည် တစ်နိုင်ငံလုံးရှိကွဲပြားခြားနားလျက်ရှိသော မဲဆန္ဒရှင်လူထုလူတန်းစား အလွှာအသီးသီးကို လွှမ်းခြုံ ကိုယ်စားပြုနိုင်မှုအားနည်းသည်။

၂။ နိုင်ငံရေးသည် အန္တရာယ်ရှိသည်ဟူသောအယူအဆကြောင့် ဖြေဆိုသူအချို့သည် သုတေသနစစ်တမ်းတွင် ပါဝင်ဖြေဆိုရန်ငြင်းဆန်ခြင်းများကြောင့် သတ်မှတ်ဦးတည်အုပ်စုများကို ထိရောက်စွာ ရွေးချယ်ရာတွင်အားနည်းမှုရှိသည်။

၃။ အချိန်တိုတောင်းခြင်း နှင့် ငွေကြေးအကန့်အသတ်ရှိခြင်းသည် သုတေသနစစ်တမ်းပြုလုပ်ရန် ဒေသရွေးချယ်မှု၊ ဦးတည်အုပ်စုသတ်မှတ်မှု နှင့် အခြားအုပ်စုဖွဲ့ဆွေးနွေးမှုများအပေါ် အကျိုးသက်ရောက်မှုရှိသည်။

၄။ ဤသုတေသနစစ်တမ်း၏မေးခွန်းတစ်ခုဖြစ်သော "မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးတစ်ဦးအနေဖြင့် အဖြစ်နိုင်ဆုံး အသင့်တော်ဆုံးရောက်နိုင်သော နိုင်ငံရေးနှင့် အုပ်ချုပ် ရေးဆိုင်ရာ အမြင့်ဆုံးရာထူးအဆင့်" ကိုမေးမြန်းရာတွင် ဖြေဆိုသူအများစုသည် မြန်မာ့လူမှုအသိုင်း အဝိုင်းတွင်ရှိသောအမျိုးသမီးထုတစ်ခုလုံးကို ထည့်သွင်းစဉ်းစားဖြေဆိုခြင်းထက်၊ ဒေါ်အောင်ဆန်းစုကြည်ကိုသာစံထား၍ ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မျှော်မှန်းဖြေဆိုကြရာ၊ ဤတွေ့ရှိချက်သည် မေးခွန်း၏ရည်ရွယ်ချက်ဖြစ်သောမြန်မာ့လူမှုအသိုင်းအဝိုင်းတွင် နိုင်ငံရေး နှင့် အုပ်ချုပ်ရေးဆိုင်ရာ အမြင့်ဆုံးရာထူးအဆင့်များကိုအမျိုးသမီးများရယူရာ၌ လက်ရှိတွေ့ကြုံရသည့် အခက်အခဲ၊ အဟန့်အတားများကို ထည့်သွင်းစဉ်းစားကာဖြေဆိုမှု အားနည်းခဲ့ကြောင်းတွေ့ရှိရသဖြင့်၊ မေးခွန်း၏ရည်ရွယ်ချက်သို့ ရောက်ရှိ ပြည့်မီခဲ့ခြင်းမရှိဟုဆိုရမည်။

# အခန်း ၂:ဖြေဆိုသူများ၏အချက်အလက်များ

အခန်း (၂) သည် ဖြေဆိုသူများ၏အချက်အလက်များဖြစ်သော လိင်၊ အသက်၊ အိမ်ထောင်ရေး အခြေအနေ၊ ကလေးအရေအတွက်၊ အတန်းပညာပြီးမြောက်မှု၊ အလုပ်အကိုင်၊ မိသားစုဦးရေ နှင့် ကိုးကွယ်ရာဘာသာတို့ကိုဖော်ပြသည်။

## ၂.၁. နေထိုင်ရာဒေသ

**ဇယား ၂.၁. ဖြေဆိုသူများ၏နေထိုင်ရာဒေသ (ရာခိုင်နှုန်း)**

| Table 2.1: Place of Residence | | | | | |
|---|---|---|---|---|---|
| No. | State/Region | Male | Female | Total | Percent |
| 1 | Kachin | 22 | 62 | 84 | 7.0 |
| 2 | Kayah | 20 | 61 | 81 | 6.8 |
| 3 | Kayin | 24 | 61 | 85 | 7.1 |
| 4 | Chin | 28 | 56 | 84 | 7.0 |
| 5 | Sagaing | 21 | 64 | 85 | 7.1 |
| 6 | Tanintharyi | 20 | 64 | 84 | 7.0 |
| 7 | Bago | 35 | 49 | 84 | 7.0 |
| 8 | Magway | 25 | 59 | 84 | 7.0 |
| 9 | Mandalay | 25 | 58 | 83 | 6.9 |
| 10 | Mon | 36 | 57 | 93 | 7.8 |
| 11 | Rakhine | 24 | 61 | 85 | 7.1 |
| 12 | Yangon | 30 | 59 | 89 | 7.4 |
| 13 | Shan | 25 | 59 | 84 | 7.0 |
| 14 | Ayeyarwady | 26 | 64 | 90 | 7.5 |
| **Total** | | **361** | **834** | **1195** | **100** |

ဇယား ၂.၁ တွင်ဖော်ပြထားသည့်အတိုင်း ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၄) ခုတွင် ဖြေဆိုသူဦးရေ (၁၁၉၅) ရှိသည့်အနက် အမျိုးသား (၃၆၁) ဦး (၃၀%) နှင့် အမျိုးသမီး (၈၃၄) ဦး (၇၀%) ပါဝင်သည်။ ဖြေဆိုသူများမှာ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့ နှင့်မုံရွာမြို့များမှအပ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၏မြို့တော်များဖြစ်သော မြစ်ကြီးနား၊ လွိုင်ကော်၊ ဖားအံ၊ ဟားခါး၊ ထားဝယ်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ ရန်ကုန်၊ တောင်ကြီး၊ ပုသိမ် မြို့များ နှင့် ၄င်းတို့အနီးတစ်ပိုက်ဒေသများမှ ဖြစ်ကြသည်။

## ၂.၂. အသက်အုပ်စု

**ဇယား ၂.၂. ဖြေဆိုသူများ၏အသက်အုပ်စု**

| Table 2.2: Distribution of Age | | | | |
|---|---|---|---|---|
| Age-Group | Male | Female | Number | Percentage |
| 18-24 | 75 | 191 | 268 | 22.43 |
| 25-34 | 108 | 248 | 356 | 29.79 |
| 35-44 | 78 | 170 | 248 | 20.75 |
| 45-54 | 59 | 139 | 198 | 16.57 |
| 55-64 | 22 | 48 | 70 | 5.86 |
| 64-74 | 15 | 33 | 48 | 4.02 |
| 75 and above | 4 | 3 | 7 | 0.59 |
| **Total** | **361** | **832** | **1195** | **100.00** |

ဖြေဆိုသူများ၏အသက်အုပ်စုကို ဇယား ၂.၂ တွင်ဖော်ပြထားသည်။ ဖြေဆိုသူတို့၏ပျမ်းမျှအသက်မှာ ၃၆.၂၃ နှစ် ဖြစ်သည်။ အသက် ၁၈-၄၄နှစ် အတွင်းဖြေဆိုသူမှာ ဖြေဆိုသူစုစုပေါင်း၏ ၇၃% ဖြစ်ပြီး၊ အသက် ၁၈-၅၄နှစ် အတွင်းဖြေဆိုသူမှာ ဖြေဆိုသူစုစုပေါင်း၏ ၉၀% ဖြစ်သဖြင့် ဤစစ်တမ်းသည် အလုပ်လုပ်နိုင်သော အသက်အရွယ်အုပ်စုများ၏အမြင်ကို အများဆုံး ထင်ဟပ်သည်။

## ၂.၃. အိမ်ထောင်ရေးအခြေအနေ

**ပုံ ၂.၁. ဖြေဆိုသူများ၏အိမ်ထောင်ရေးအခြေအနေ(ရာခိုင်နှုန်း)**





**Figure 2.1: Marital Status (percent)**

ပုံ ၂.၂. ဖြေဆိုသူများ၏အိမ်ထောင်ရေးအခြေအနေ (အသက်အုပ်စု)

**Figure 2.2: Marital Status by Age Groups**




ဖြေဆိုသူအားလုံး၏ ၉၃% တွင် (၄၅%) သည်အိမ်ထောင်မရှိသူများဖြစ်ပြီး၊ (၄၈%) သည် အိမ်ထောင်ရှိသူများဖြစ်သည်။ အိမ်ထောင်မရှိသူများ၏ (၈၂%) သည် အသက်အုပ်စု ၁၈-၃၄နှစ်မှဖြစ်ပြီး၊ အိမ်ထောင်ရှိသူများ၏ (၈၀%) သည် အသက်အုပ်စု ၂၅-၅၄နှစ် မှဖြစ်သည်။ လက်မထပ်အတူနေ ဟုဖြေဆိုထားသူ တစ်ဦး ကို အသက်အုပ်စု ၂၅-၃၄နှစ် တွင်တွေ့ရသည်။

## ၂.၄. ကလေးဦးရေနှင့်အသက်အုပ်စု

**ဇယား ၂.၃. ဖြေဆိုသူများ၏ကလေးဦးရေနှင့်အသက်အုပ်စု (ရာခိုင်နှုန်း)**


Table.2.3: Number of children in respondents' household by age group

| Age-Group | No Child | 1-2 Children | 3-4 Children | 5 Children and above |
|---|---|---|---|---|
| 18-24 | 41.1 | 4.1 | 1.0 | 1.6 |
| 25-34 | 37.8 | 35.6 | 5.0 | 0.0 |
| 35-44 | 12.9 | 32.2 | 25.9 | 23.0 |
| 45-54 | 5.9 | 20.6 | 38.3 | 31.1 |
| 55-64 | 0.8 | 5.0 | 15.9 | 27.9 |
| 64-74 | 1.3 | 2.5 | 11.9 | 13.1 |
| 75 and above | 0.2 | 0.0 | 2.0 | 3.3 |
| **Total** | **100.0** | **100.0** | **100.0** | **100.0** |

ဇယား ၂.၃ သည် အသက်အရွယ်အုပ်စုအလိုက် ကလေးဦးရေ ကိုခွဲခြားဖော်ပြထားသည်။

## ၂.၅. အတန်းပညာပြီးမြောက်မှု


**ပုံ ၂.၃. ဖြေဆိုသူများ၏အတန်းပညာပြီးမြောက်မှု (ရာခိုင်နှုန်း)**




ပုံ ၂.၃ တွင်တွေ့ရသကဲ့သို့ ဖြေဆိုသူအားလုံး၏ (၇၉%)တွင် ဘွဲ့လွန် (၄%)၊ ဘွဲ့ရ (၃၃%)၊ အထက်တန်းပညာအဆင့်တတ်မြောက်သူ (၂၆%)၊ နှင့် တက္ကသိုလ်ပညာသင်ကြားနေသူ (၁၆%) တို့ပါဝင်သည်။ ထို့ကြောင့် ဤသုတေသနစစ်တမ်းသည် ပညာတတ်များ၊ ဘွဲ့ရများ၏ သဘောထားများ ပိုမိုထင်ဟပ်မှုရှိသည်။

ပုံ ၂.၄. ဖြေဆိုသူများ၏အတန်းပညာပြီးမြောက်မှု (ကျား၊ မ)


**Figure 2.4: Distribution of Level of Education by Sex**




ဘွဲ့လွန်၊ ဘွဲ့ရ၊ နှင့် တက္ကသိုလ်အဆင့်ပညာပြီးမြောက်သူများအနက် အမျိုးသမီးပါဝင်နှုန်း (အမျိုးသမီးအားလုံး၏ ၅၆%) သည် အမျိုးသားပါဝင်နှုန်း (အမျိုးသားအားလုံး၏ ၄၉%) ထက် ပိုမိုမြင့်မားသဖြင့်၊ ဤသုတေသနစစ်တမ်းတွင် အမျိုးသမီးပညာတတ်များပိုမိုပါဝင်သည်။

## ပုံ ၂.၅. ဖြေဆိုသူများ၏အတန်းပညာပြီးမြောက်မှု (ပြည်နယ်နှင့်တိုင်းဒေသကြီး)

Figure 2.5: Distribution of Level of Education by State/Region




| | Ayeyarwady | Shan | Yangon | Rakhine | Mon | Mandalay | Magway | Bago | Tanintharyi | Sagaing | Chin | Kayin | Kayah | Kachin |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Post Graduate | 1.1 | 10.7 | 4.5 | 3.5 | 1.1 | 9.6 | 3.6 | 1.2 | 3.6 | 1.2 | 8.3 | 4.7 | 2.5 | 6.0 |
| Graduate | 37.8 | 48.8 | 37.1 | 28.2 | 20.4 | 48.2 | 34.5 | 34.5 | 8.3 | 23.5 | 50.0 | 35.3 | 28.4 | 31.0 |
| University | 11.1 | 14.3 | 10.1 | 10.6 | 26.9 | 15.7 | 31.0 | 10.7 | 23.8 | 12.9 | 14.3 | 14.1 | 16.0 | 14.3 |
| 9-10(High) | 33.3 | 14.3 | 30.3 | 27.1 | 22.6 | 15.7 | 10.7 | 36.9 | 22.6 | 27.1 | 20.2 | 36.5 | 42.0 | 25.0 |
| 5-8 (Middle) | 12.2 | 6.0 | 15.7 | 23.5 | 14.0 | 7.2 | 8.3 | 8.3 | 22.6 | 15.3 | 6.0 | 3.5 | 8.6 | 13.1 |
| 1-4(Primary) | 2.2 | 3.6 | 2.2 | 4.7 | 6.5 | 2.4 | 9.5 | 4.8 | 14.3 | 10.6 | 1.2 | 5.9 | 1.2 | 9.5 |
| Monastic Education | 2.2 | 2.4 | 0.0 | 0.0 | 7.5 | 1.2 | 2.4 | 1.2 | 4.8 | 0.0 | 0.0 | 0.0 | 0.0 | 1.2 |
| No Education | 0.0 | 0.0 | 0.0 | 2.4 | 1.1 | 0.0 | 0.0 | 2.4 | 0.0 | 9.4 | 0.0 | 0.0 | 1.2 | 0.0 |

Post Graduate · Graduate · University · 9-10(High) · 5-8 (Middle) · 1-4(Primary) · Monastic Education · No Education

ဤသုတေသနစစ်တမ်းတွင် ဖြေဆိုသူအများစုသည် ဘွဲ့ရများ၊ တက္ကသိုလ်ပညာသင်ကြားနေကြသူများ နှင့် အထက်တန်းပညာအဆင့်တတ်မြောက်ကြသူများ ဖြစ်ကြသော်လည်း ပြည်နယ် နှင့် တိုင်းဒေသကြီးများအကြား နှိုင်းယှဉ်ကြည့်ပါက ယင်းအချက်သည် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွက် မှန်ကန်မှုမရှိပါ။

ပုံ ၂.၅ တွင်မြင်တွေ့ရသည့် အတိုင်း ရခိုင်ပြည်နယ်တွင် ဖြေဆိုသူအားလုံး၏ (၅၈%) သည် အတန်းပညာမတတ်သူ မှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ပညာတတ်မြောက်


သူများဖြစ်ပြီး ယင်းတွင် အတန်းပညာမတတ်သူ (၂.၄%) ၊ မူလတန်းနှင့် အလယ်တန်းအဆင့် ပညာတတ် မြောက်သူ (၂၈%) ပါဝင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြေဆိုသူအားလုံး၏ (၆၃%)သည် အတန်းပညာမတတ်သူ၊ မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းအဆင့်ပညာတတ်မြောက်ကြသူများဖြစ်ပြီး၊ ယင်းတွင် အတန်း ပညာမတတ်သူ (၉.၄%)၊ မူလတန်းနှင့်အလယ်တန်းအဆင့်ပညာတတ်သူ (၂၆%) ပါဝင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် အတန်းပညာမတတ်သူပါ ဝင်မှုအမြင့်မားဆုံးဖြစ်သည်။

တနင်္သာရီ တိုင်းဒေသကြီးတွင် ဖြေဆိုသူအားလုံး၏ (၆၄%) သည် ဘုန်းတော်ကြီးသင်ပညာရေး သင်ယူခဲ့သူ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ပညာ တတ်မြောက်သူများ ဖြစ်ကြပြီး၊ ယင်းတွင် ဘုန်းတော်ကြီးသင်ပညာရေးသင်ယူခဲ့သူ (၅%)၊ မူလ တန်း နှင့် အလယ်တန်းအဆင့် ပညာတတ်မြောက်သူ (၃၇%) ဖြစ်သည်။ တနင်္သာရီတိုင်းဒေသ ကြီးသည် တိုင်းနယ်ပြည်နယ် ၁၄ ခုတွင် ဘွဲ့ရသူပါဝင်မှု အနိမ့်ဆုံး (၈%) ဖြစ်သည်။


## ၂.၆. မိသားစုအရွယ်အစား

**ပုံ ၂.၆. ဖြေဆိုသူများ၏မိသားစုအရွယ်အစား (ပြည်နယ်နှင့်တိုင်းဒေသကြီး)**




ပုံ ၂.၆ အရ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖြေဆိုသူအားလုံး၏ ပျမ်းမျှမိသားစုအရွယ်အစားသည် (၅.၁) ဖြစ်သည်။ အကြီးဆုံးမိသားစုအရွယ်အစား (၆.၉) ကို ကချင်ပြည်နယ်တွင်လည်းကောင်း၊ အသေးဆုံးမိသားစုအရွယ်အစား (၄.၃) ကို ဧရာဝတီတိုင်းဒေသကြီးတွင်လည်းကောင်း တွေ့ရသည်။

**ပုံ ၂.၇. ဖြေဆိုသူများ၏မိသားစုအရွယ်အစား (ရာခိုင်နှုန်း)**




ပုံ ၂.၇ အရ ဖြေဆိုသူအားလုံး၏ (၄၀%) သည် မိသားစုဦးရေ (၅-၆ ယောက်) ရှိသည့်မိသားစုမှဖြစ်ပြီး၊ ဖြေဆိုသူအားလုံး၏ (၃၃%) သည် မိသားစုဦးရေ (၃-၄ ယောက်) ရှိသည့်မိသားစုမှဖြစ်သည်။ ဖြေဆိုသူအားလုံး၏ (၅%) သည် မိသားစုဦးရေ (၉-၁၀ ယောက်) ရှိသည့် မိသားစုမှဖြစ်ပြီး၊ ၎င်းတို့၏အများစုသည် ကချင်ပြည်နယ်၊ ကယားပြည်နယ် နှင့် ချင်းပြည်နယ်တို့မှဖြစ်သည်။ မိသားစုဦးရေ (၁၁ယောက် နှင့် အထက်) ရှိသည့် မိသားစုသည် ဖြေဆိုသူအားလုံး၏ (၁%) ဖြစ်ပြီး၊ ၎င်းတို့၏ အများစုသည် ကချင်ပြည်နယ်မှ ဖြစ်သည်။ ဤစစ်တမ်းအရ အကြီးဆုံးသော မိသားစုအရေအတွက် (၂၅ ယောက်) ကို ကချင်ပြည်နယ်တွင်တွေ့ရသည်။

## ၂.၇. အလုပ်အကိုင်

**ဇယား ၂.၄. ဖြေဆိုသူများ၏အလုပ်အကိုင် (ရာခိုင်နှုန်း)**


**Table.2.4: Distribution of Occupation (Percent)**

| Occupation | Male | Female | Both Sex | Percent |
|---|---|---|---|---|
| Parliamentarian | 12 | 18 | 30 | 2.5 |
| Civil servant | 21 | 79 | 100 | 8.4 |
| Armed force | 17 | 22 | 39 | 3.3 |
| Politician/activist | 41 | 52 | 93 | 7.8 |
| Self employed | 87 | 92 | 179 | 15.0 |
| Cooperate Employee | 63 | 115 | 178 | 14.9 |
| Casual labor | 25 | 59 | 84 | 7.0 |
| Trainee/ student | 34 | 98 | 132 | 11.0 |
| Vendor | 26 | 86 | 112 | 9.4 |
| House wife/ House husband | 4 | 79 | 83 | 6.9 |
| Pensioner | 12 | 32 | 44 | 3.7 |
| Dependent | 19 | 102 | 121 | 10.1 |
| **Total** | **361** | **834** | **1195** | **100.0** |

ဇယား ၂.၄ အရ ဤသုတေသနစစ်တမ်းတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်သူ (၁၅%)၊ လခစားဝန်ထမ်း (၁၅%)၊ ကျောင်းသူ/ကျောင်းသား (၁၁%)၊ မှီခို (၁၀%)၊ အရောင်းအဝယ်လုပ်သူ (၉%)၊ အစိုးရဝန်ထမ်း (၈%)၊ နိုင်ငံရေးသမား သို့မဟုတ် တက်ကြွလှုပ်ရှားသူ (၈%)၊ အိမ်ထောင်ရှင်/မ (၇%)၊ ပင်စင်စား (၄%)၊ လက်နက်ကိုင်တပ်ဖွဲ့ဝင် (၃%) နှင့် လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားလှယ်လောင်း (၃%) တို့အသီးသီး ပါဝင်ဖြေဆိုထားသည်။

ပုံ ၂.၈. ဖြေဆိုသူများ၏အလုပ်အကိုင်(ကျား၊မ)

**Figure 2.8: Distribution of Occupation by Sex**





ပုံ ၂.၈ သည် ဖြေဆိုသူများ၏အလုပ်အကိုင်ကို ကျား မ ခွဲခြားဖော်ပြထားသည်။ ဖြေဆိုသူ အမျိုးသားအားလုံး၏ (၅၃%) သည် ကိုယ်ပိုင်လုပ်ငန်းလုပ်သူ (၂၄%)၊ လခစားဝန်ထမ်း (၁၈%) နှင့် နိုင်ငံရေးသမား သို့မဟုတ် တက်ကြွလှုပ်ရှားသူ (၁၁%) တို့ အသီးသီးဖြစ်ပြီး၊ ယင်းအလုပ် အကိုင် ၃ မျိုးတွင် အမျိုးသားပါဝင်နှုန်းသည် အမျိုးသမီးပါဝင်နှုန်းထက်မြင့်မားသည်။ ဖြေဆိုသူ အမျိုးသမီးများတွင် လခစားဝန်ထမ်း (၁၄%)၊ မှီခိုသူ (၁၂%)၊ ကျောင်းသူ/သား (၁၂%)၊ ကိုယ်ပိုင်လုပ်ငန်း (၁၁%)၊ အရောင်းအဝယ် (၁၀%)၊ အစိုးရဝန်ထမ်း (၁၀%)၊ အိမ်ထောင်ရှင်မ (၁၀%) နှင့် လက်လုပ်လက်စား (၇%) စသည်ဖြင့် အသီးသီးပါဝင်ကြသည်။ မှီခိုသူ၊ နှင့် အိမ်ထောင်ရှင်မ အလုပ်အကိုင်အမျိုးအစား၂မျိုးတွင် အမျိုးသမီးပါဝင်နှုန်းသည် အမျိုးသားပါဝင်နှုန်းထက် မြင့်မားသည်။

## ၂.၈. ကိုးကွယ်ရာဘာသာ

**ပုံ ၂.၉. ဖြေဆိုသူများ၏ကိုးကွယ်ရာဘာသာ (ပြည်နယ်နှင့်တိုင်းဒေသကြီး)**

Figure 2.9: Distribution of Religious Background by State/Region




ပုံ ၂.၉ အရ ဖြေဆိုသူအားလုံး၏ (၇၄%) သည်ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး၊ ခရစ်ယာန်ဘာသာကိုးကွယ်သူ (၂၄%)၊ အစ္စလာမ်ဘာသာကိုးကွယ်သူ (၁%)၊ ဟိန္ဒူဘာသာကိုးကွယ်သူ (၀.၃%)၊ နှင့် အခြားသောယုံကြည်ကိုးကွယ်မှုရှိသူ (၀.၆%) ရှိသည်။ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ နှင့် ရခိုင်ပြည်နယ် မှဖြေဆိုသူ အားလုံးသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး ချင်းပြည်နယ်မှ ဖြေဆိုသူအားလုံးသည် ခရစ်ယာန်ဘာသာ ကိုးကွယ်သူများ ဖြစ်သည်။ နတ်ကိုးကွယ်မှု အပါအဝင် အခြားသောယုံကြည်မှု ရှိသူများကို ကယားပြည်နယ်တွင် အများဆုံးတွေ့ရပြီး ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင်လည်း တွေ့ရသည်။

# အခန်း ၃: မဲဆန္ဒရှင် အမျိုးသား၊ အမျိုးသမီးတို့၏ ရွေးချယ်မှု

ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများတွင် အမျိုးသား၊ အမျိုးသမီး ပြည်သူလူထုရွေးချယ် တင်မြှောက်သော၊ ပြည်သူကိုကိုယ်စားပြုသော အစိုးရတစ်ရပ်ပေါ်ပေါက်ရန် လွတ်လပ်၍ တရားမျှ တသော၊ ပုံမှန်ကျင်းပသော ရွေးကောက်ပွဲတစ်ရပ် မရှိမဖြစ်လိုအပ်သည်။ မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံရေးအမြင်နိုးကြားမှု၊ ရွေးကောက်ပွဲအပေါ်ယုံကြည်မှု၊ သတင်းအချက်အလက်များရရှိမှု၊ မဲပေး ရာတွင် အဆင်ပြေ လွယ်ကူမှု၊ နိုင်ငံရေးခေါင်းဆောင်မှု အရည်အသွေးအပေါ်အမြင်စသည်တို့ သည် မဲပေးခြင်းနှင့် ကိုယ်စားလှယ်လောင်းများအားရွေးချယ်မှုကို ဆုံးဖြတ်ရာတွင် အဓိကတွန်း အားပေးသည့်အချက်များဖြစ်သည်။


၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များအရ နိုင်ငံလူဦးရေ၏ (၅၁.၈%) သည်အမျိုးသမီးများဖြစ်ရာ အမျိုးသမီးများ၏ရွေးကောက်ပွဲတွင်ပါဝင်မှု (မဲဆန္ဒရှင်အနေဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်လောင်းအနေဖြင့်ဖြစ်စေ၊ ပါတီဝင်အနေဖြင့်ဖြစ်စေ) သည် ပြည်သူများရွေးကောက်တင်မြှောက်သော ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ထွန်းရေးအတွက် အလွန်အရေးပါသည့်အခန်းကဏ္ဍတွင်ရှိသည်။

အခန်း (၃) "မဲဆန္ဒရှင်အမျိုးသား၊ အမျိုးသမီးတို့၏ရွေးချယ်မှု" သည် ရွေးကောက်ပွဲနှင့် ပတ်သက်သည့်သတင်းအချက်အလက်များရရှိမှု၊ မဲပေးသည့်အလေ့အထ၊ မဲပေးသည့်ဆုံးဖြတ် ချက်အားလွှမ်းမိုးသည့်အချက်များ၊ နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မည်သို့ပါဝင် မည်တို့ကို ဤသုတေသနစစ်တမ်းတွေ့ရှိချက်များအရ တင်ပြထားသည်။

## ၃.၁. ရွေးကောက်ပွဲနှင့်ပတ်သက်သောသတင်းအချက်အလက်ရရှိမှု

**ပုံ ၃.၁.ရွေးကောက်ပွဲနှင့်ပတ်သက်သောသတင်းအချက်အလက်ရရှိမှု (ရာခိုင်နှုန်း)**

**Figure 3.1: Distribution of Most Effective Source of Information**




ရွေးကောက်ပွဲနှင့်ပတ်သက်သော မှန်ကန်တိကျသည့် သတင်းအချက်အလက်ရရှိမှုသည် မဲဆန္ဒရှင် ပြည်သူများ၏ မဲပေးနိုင်သည့်အခွင့်အရေးကို ကျင့်သုံးခံစားရာတွင်လည်းကောင်း၊ မိမိ၏မဲပေးပိုင်ခွင့်ကို ထိရောက်စွာအသုံးချနိုင်ရေးတွင်လည်းကောင်း လိုအပ်သည်။ ပုံ ၃.၁ အရ ဖြေဆိုသူအားလုံး၏ (၅၅%) သည်ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များကို “သတင်းစာ၊ ဂျာနယ်နှင့် အခြားမီဒီယာများ” မှ အဓိကရရှိပြီး၊ (၁၅%) သည် “သူငယ်ချင်း၊ မိသားစု နှင့် ဆွေမျိုးများ” မှရရှိသည်။ ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များကို “မဲဆန္ဒရှင် အသိပညာပေး သင်တန်းများ” မှ (၁၀%)၊ “ရွေးကောက်ပွဲကော်မရှင်” မှ (၅%) မျှသာ ရရှိကြောင်းဖြေဆိုကြသဖြင့် ယင်းသည် မဲဆန္ဒရှင်များ အနေဖြင့် စိတ်ချယုံကြည်ရသော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ရရှိနိုင်သည့် သတင်းအရင်းအမြစ်များ မလုံလောက်ခြင်း၊ နှင့် လက်လှမ်းမှီမှု အားနည်းခြင်းတို့ကို ဖော်ပြသည်။

## ဇယား ၃.၁. ရွေးကောက်ပွဲနှင့်ပတ်သက်သောသတင်းရရှိမှု (ပြည်နယ်နှင့်တိုင်းဒေသကြီး)

**Table 3.1: Distribution of most effective source of Information by State/ Region**


| No. | SR Name | Election commission | Voter education | Political party | Campaign | Media coverage | Friends and relatives | Civil servants |
|---|---|---|---|---|---|---|---|---|
| 1 | Kachin | 3.6 | 10.7 | 8.3 | 9.5 | 50.0 | 17.9 | 0.0 |
| 2 | Kayah | 6.2 | 17.3 | 7.4 | 7.4 | 45.7 | 9.9 | **6.2** |
| 3 | Kayin | 4.7 | 14.1 | 1.2 | 3.5 | 56.5 | 15.3 | 4.7 |
| 4 | Chin | **11.9** | 1.2 | 7.1 | 7.1 | 50.0 | 22.6 | 0.0 |
| 5 | Sagaing | 8.2 | 4.7 | 3.5 | 1.2 | 52.9 | 25.9 | 3.5 |
| 6 | Tanintharyi | 3.6 | 6.0 | 6.0 | 8.3 | 41.7 | **32.1** | 2.4 |
| 7 | Bago | 1.2 | **32.1** | 15.5 | 7.1 | 34.5 | 9.5 | 0.0 |
| 8 | Magway | 10.7 | 4.8 | 2.4 | 0.0 | 69.0 | 10.7 | 2.4 |
| 9 | Mandalay | 6.0 | 6.0 | 6.0 | 3.6 | 66.3 | 7.2 | 4.8 |
| 10 | Mon | 5.4 | 6.5 | **18.3** | 1.1 | 45.2 | 19.4 | 4.3 |
| 11 | Rakhine | 5.9 | 10.6 | 7.1 | 7.1 | 57.6 | 7.1 | 4.7 |
| 12 | Yangon | 1.1 | 9.0 | 7.9 | 4.5 | 69.7 | 6.7 | 1.1 |
| 13 | Shan | 2.4 | 3.6 | 6.0 | 1.2 | **77.4** | 9.5 | 0.0 |
| 14 | Ayeyarwady | 3.3 | 6.7 | 3.3 | **11.1** | 55.6 | 17.8 | 2.2 |
| | **Total** | **5.3** | **9.5** | **7.2** | **5.2** | **55.1** | **15.1** | **2.6** |

ဇယား ၃.၁ သည် သတင်းအရင်းအမြစ်အသီးသီးမှ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းရရှိပုံကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် နှိုင်းယှဉ်ပြထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးတွင် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို "သတင်းစာ၊ ဂျာနယ်နှင့် အခြားမီဒီယာများ" မှတစ်ဆင့်အဓိကရရှိကြသည်။ "သူငယ်ချင်း၊ မိသားစု နှင့် ဆွေမျိုးများ" မှ ရရှိသည်ဟုဖြေဆိုသူများသည် တနင်္သာရီတိုင်းဒေသကြီး (၃၂%)၊ စစ်ကိုင်းတိုင်းဒေသကြီး (၂၆%)၊ နှင့် ချင်းပြည်နယ် (၂၃%) တို့မှဖြစ်ကြသည်။

"မဲဆန္ဒရှင် အသိပညာပေးသင်တန်းများ" မှသတင်းရရှိမှုမှာ ပဲခူးတိုင်းဒေသကြီး (၃၂%)၊ ကယားပြည်နယ် (၁၇%)၊ ကရင်ပြည်နယ် (၁၄%) တို့တွင်သာ တွေ့ရှိရသောကြောင့် ယင်းဒေသများအပါအဝင် ကျန် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် မဲဆန္ဒရှင်အသိပညာပေးသင်တန်းများ လိုအပ်လျက်ရှိကြောင်းတွေ့ရသည်။ "ရွေးကောက်ပွဲကော်မရှင်" မှသတင်းရရှိမှုသည် ဖြေဆိုသူအားလုံး၏ (၅%)သာရှိပြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် (၁%)၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး နှင့် ကချင်ပြည်နယ်တို့တွင် (၂% -၄%) သာရှိသဖြင့် ရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်မှုအားလက်လှမ်းမီမှု နှင့် လူထု အသိပညာပေးမှုတို့ ထိရောက်မှုရှိရန်လိုအပ်ကြောင်းတွေ့ရသည်။

## ၃.၂. မဲဆွယ်စည်းရုံးသည့်နည်းလမ်းများ

**ပုံ ၃.၂. မဲဆွယ်စည်းရုံးသည့်နည်းလမ်းများ (ရခိုင်နှုန်း)**




ပုံ ၃.၂ တွင် ဤသုတေသနစစ်တမ်းအရ အထိရောက်ဆုံးသော ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးခြင်းနည်းလမ်းများအဖြစ် “လူထုလှုံ့ဆော်စည်းရုံးခြင်း” (၃၃%)၊ “တီဗွီ ၊ ရေဒီယိုမှ မဲဆွယ်စည်းရုံးခြင်း” (၂၆%)၊ နှင့် “တစ်အိမ် တက်ဆင်း မဲဆွယ်စည်းရုံးခြင်း” (၂၁%) တို့ကို ရွေးချယ်သည်။ “လက်ကိုင်ဖုန်း၊ လူမှု ကွန်ယက်များမှ စည်းရုံးခြင်း” ( ၉%) သည်ထိရောက်မှု အနည်းဆုံး နည်းလမ်းဖြစ်သည်။

## ပုံ ၃.၃. မဲဆွယ်စည်းရုံးသည့်နည်းလမ်းများ (ပြည်နယ်နှင့်တိုင်းဒေသကြီး)






**Figure 3.3: Effectiveness of Voter Information by States/ Regions**

ပုံ ၃.၃. ပါ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်အချက်အလက်များအရ၊ “လူထုလှုံ့ဆော်စည်းရုံးခြင်းနည်းလမ်း” ကို ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေး၊ ပဲခူး နှင့် မန္တလေးတိုင်းဒေသကြီးမှအပ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အထိရောက်ဆုံးသောနည်းလမ်းအဖြစ် ဖြေဆိုကြသည်။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် နှင့် တနင်္သာရီတိုင်း ဒေသကြီး တို့တွင် “တီဗွီ၊ ရေဒီယိုမှမဲဆွယ်စည်းရုံးခြင်း” သည် အထိရောက်ဆုံးနည်းလမ်း ဖြစ်ကြောင်း ညွှန် ပြသည်။ ပဲခူးတိုင်းဒေသကြီးတွင် “တစ်အိမ်တက်ဆင်းမဲဆွယ်စည်းရုံးခြင်း”ကို အထိရောက်ဆုံးနည်းလမ်းအဖြစ်ဖြေဆိုပြီး၊ မွန်ပြည်နယ်သည် “ပိုစတာ၊ ဗီနိုင်း၊ လက်ကမ်းစာစောင်ဖြင့် မဲဆွယ်ခြင်း”သည် အထိရောက်ဆုံးဖြစ်သည်ဟု ဖြေဆိုသည့် တစ်ခုတည်းသောပြည်နယ်ဖြစ်သည်။

## ၃.၃. ၁၉၉၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု


**ပုံ ၃.၄. ၁၉၉၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု (ရာခိုင်နှုန်း)**




ဤသုတေသနစစ်တမ်းတွင် "မဲမပေးသူ" ကို သတင်းအချက်အလက်ရရှိသော်လည်း မဲပေးရန်စိတ်မဝင်စားသူ သို့မဟုတ် မဲမပေးရန်ဆုံးဖြတ်သူ ဟုယူဆပြီး၊ "မသိပါ၊ မမှတ်မိပါ" ဟု ဖြေဆိုခြင်းမှာ သတင်းအချက်အလက်မရရှိသောကြောင့် ရွေးကောက်ပွဲတွင်မပါဝင်ဖြစ်ခဲ့သူ သို့မဟုတ် ရွေးကောက်ပွဲတွင်ပါဝင်ခဲ့မှုနှင့်ပတ်သက်၍ မမှတ်မိသူ ဟု ယူဆပါသည်။


ဤသုတေသနစစ်တမ်း၌ဖြေဆိုသူများအနက် ၁၉၉၀ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်သော အသက်အရွယ်အတွင်းရှိ (၂၀၁၅တွင် ၄၃ နှစ်နှင့် အထက်) ဖြေဆိုသူအားလုံး၏ (၆၃%) မဲပေးခဲ့ကြပြီး၊ "မဲမပေးသူ" (၂၃%) နှင့် "မသိပါ၊ မမှတ်မိပါ" ဟုဖြေဆိုသူ (၁၄%) ရှိသည်။

ပုံ ၃.၅. ၁၉၉၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု (ကျား၊မ)




ဤသုတေသနစစ်တမ်းအရ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်သည့် အသက်အရွယ်ရှိဖြေဆိုသူများအနက် အမျိုးသားများ (မဲပေးနိုင်သောအမျိုးသားအားလုံး၏ ၇၀%) သည် အမျိုးသမီးများ (မဲပေးနိုင်သောအမျိုးသမီးအားလုံး၏ ၆၁%) ထက် ပိုမိုပါဝင်ကာ ဆန္ဒမဲပေး ခဲ့သည်။ မဲပေးနိုင်သော အမျိုးသားအားလုံး၏ (၂၅% ) နှင့် အမျိုးသမီးအားလုံး၏ (၂၂%) တို့က "မဲမပေးခဲ့ပါ"ဟု ဖြေဆိုသည်။ "မသိပါ၊ မမှတ်မိပါ" ဟုဖြေဆိုသူများတွင် အမျိုးသမီး (၁၇%) သည် အမျိုးသား (၅%) ထက်များသည်။

**ပုံ ၃.၆. ၁၉၉၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု (ပြည်နယ်နှင့်တိုင်းဒေသကြီး)**





ပုံ ၃.၆ သည် ၁၉၉၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မဲပေးမှု အခြေအနေကို နှိုင်းယှဉ်ဖော်ပြထားသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် “မမှတ်မိပါ၊ မသိပါ” ဟုဖြေဆိုသူ (၅၃%) အမြင့်ဆုံးဒေသဖြစ်ပြီး၊ ယင်း” မမှတ်မိပါ၊ မသိပါ” ဟုဖြေဆိုသူအားလုံးသည် အမျိုးသမီးများ (မဲပေးနိုင်သော အမျိုးသမီး အားလုံး၏ ၆၇%) ဖြစ်သည်။ မွန်ပြည်နယ်တွင် (၅၅%) က “မဲမပေးပါ” ဟုဆိုသဖြင့် “မဲမပေးသည့်နှုန်း အမြင့်မားဆုံး” ဒေသဖြစ်သည်။

ထို့ကြောင့် ဤသုတေသန စစ်တမ်းအရ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မွန်ပြည်နယ် တို့သည် ၁၉၉၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် “မဲပေးနှုန်းအနိမ့်ဆုံး” နှင့် “ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှု အနည်းဆုံးဒေသများ” အဖြစ်တွေ့ရသည်။


## ၃.၄. ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင်ပါဝင်မှု

**ပုံ ၃.၇. ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင်ပါဝင်မှု (ရာခိုင်နှုန်း)**




ဤသုတေသနစစ်တမ်း၌ဖြေဆိုသူများအနက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင် မဲပေးနိုင်သောအသက်အရွယ်အတွင်းရှိ (၂၀၁၅ခုနှစ်တွင်၂၅နှစ်နှင့်အထက်)သူများတွင် "မဲပေးသူ" (၃၆%)၊ "မဲမပေးသူ" (၄၇%)၊ နှင့် "မမှတ်မိပါ၊ မသိပါ" (၁၇%) တို့ဖြစ်သည်။ ဤသုတေသနစစ်တမ်းအရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင် ပါဝင်ဆန္ဒမဲပေးသူ နည်းပါးပြီး၊ သတင်းအချက်အလက်ရရှိသော်လည်း ဆန္ဒမဲပေးရန်စိတ်မဝင်စားသူ မြင့်မားသည်။


ပုံ ၃.၈. ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင်ပါဝင်မှု (ကျား၊မ)




ဤသုတေသနစစ်တမ်းအရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင် မဲပေးနိုင်သည့် အသက် အရွယ်ရှိသူများအနက် မဲပေးနိုင်သော အမျိုးသားအားလုံး၏ (၅၁% ) နှင့် အမျိုးသမီး အားလုံး၏ (၄၅%) တို့ က "မဲမပေးပါ"ဟု ဖြေဆိုသည်။ အမျိုးသားများ (၃၉%) က အမျိုးသမီးများ (၃၅%)ထက် ပိုမိုပါဝင်မဲပေးခဲ့သည်။ "မသိပါ၊ မမှတ်မိပါ" ဟု ဖြေဆိုသူများတွင် အမျိုးသမီး (၁၉%) သည် အမျိုးသား (၁၀%) ထက်များသည်။

ပုံ ၃.၉. ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင်ပါဝင်မှု (ပြည်နယ်နှင့်တိုင်းဒေသကြီး)

**Figure 3.9: Voted in 2008 Constitution by State/Region**




ပုံ ၃.၉ သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ပါဝင်မှု အခြေအနေကို နှိုင်းယှဉ်ဖော်ပြထားသည်။


ဤသုတေသနစစ်တမ်းအရ တနင်္သာရီတိုင်း ဒေသကြီး၊ မွန်ပြည်နယ် တို့တွင် "မဲပေးနှုန်း" (၁၄%) သာအသီးသီးရှိကြသဖြင့် "ဆန္ဒမဲပေးမှုအနိမ့် ဆုံး"ဒေသများဖြစ်ပြီး၊ ရှမ်းပြည်နယ်သည် မဲပေးနှုန်း (၈၀%) ဖြင့် "ဆန္ဒမဲပေးမှုအမြင့်ဆုံး" ဒေသ ဖြစ်သည်။

ဆန္ဒမဲပေးနိုင်သူအားလုံး၏ (၇၉%) သည် "မဲမပေးပါ" ဟု ဖြေဆိုသဖြင့် မွန်ပြည်နယ်သည် သတင်းအချက်အလက်ရရှိသော်လည်း မဲပေးရန်စိတ်မဝင်စားသူ အများဆုံးရှိသည့် ပြည်နယ် ဖြစ်သည်။ မဲပေးနိုင်သူအားလုံး၏ (၄၁%) က "မမှတ်မိပါ၊ မသိပါ" ဟု ဖြေဆိုကြသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးသည် သတင်းအချက်အလက်မရ၍ မပါဝင်ခဲ့သူ အများဆုံးဒေသဖြစ်သည်။ ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး နှင့် မွန်ပြည်နယ်ကို ၂၀၀၈ ခုနှစ် ဆန္ဒခံယူပွဲအပေါ်စိတ်ဝင်စားမှု အနည်းဆုံး" ဒေသများအဖြစ်တွေ့ရသည်။

"မမှတ်မိပါ၊ မသိပါ" ဟုဖြေဆိုသူများတွင် အမျိုးသမီး (၄၉%) သည် အမျိုးသား (၁၃%) ထက်များသဖြင့် အမျိုးသမီးများသည် သတင်းအချက်အလက်ရရှိမှု၊ လက်လှမ်းမှီမှု အမျိုးသားများထက် နည်းပါး သည်။


## ၃.၅. ၂၀၁၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု

**ပုံ ၃.၁၀. ၂၀၁၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု (ရာခိုင်နှုန်း)**




ဤသုတေသနစစ်တမ်း၌ဖြေဆိုသူများအနက် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်သူ (၂၀၁၅ခုနှစ်တွင်၂၃ နှစ်နှင့် အထက်) အမျိုးသား၊ အမျိုးသမီး အားလုံး၏ (၆၂%) သည် မဲပေးခဲ့ ပြီး၊ မဲမပေးသူ (၃၀%) နှင့် "မမှတ်မိပါ၊ မသိပါ" ဟုဖြေဆိုသူ (၈%) ရှိသည်။


**ပုံ ၃.၁၁. ၂၀၁၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု (ကျား၊မ)**




ဤသုတေသနစစ်တမ်းအရ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်သည့် အသက်အရွယ်ရှိသူများအနက် အမျိုးသမီးများ (၆၃%) သည် အမျိုးသားများ (၅၈%) ထက်ပိုမိုပါဝင်ဆန္ဒမဲပေးခဲ့သည်။ မဲပေးနိုင်သောအမျိုးသားအားလုံး၏ (၃၅%) နှင့် အမျိုးသမီးအားလုံး၏ (၂၈%) တို့က "မဲမပေးပါ"ဟု ဖြေဆိုသဖြင့် သတင်းအချက်အလက်ရရှိသော်လည်း မဲမပေးသူတို့တွင် အမျိုးသားများပိုမိုများပြားသည်။ "မမှတ်မိပါ၊ မသိပါ" ဟု ဖြေဆိုသူများတွင် အမျိုးသမီး (၉%) သည် အမျိုးသား (၇%) ထက်များသဖြင့် အမျိုးသမီးများသည် သတင်းအချက်အလက်ရရှိမှု နှင့် လက်လှမ်းမှီမှုတွင် အမျိုးသားများထက် နည်းပါးကြောင်းတွေ့ရသည်။

ပုံ ၃.၁၂. ၂၀၁၀ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု (ပြည်နယ်နှင့်တိုင်းဒေသကြီး)

**Figure 3.12: Voted in 2010 General Election by State/Region**




ပုံ ၃.၁၂ သည် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်မှု အခြေအနေကို နှိုင်းယှဉ်ဖော်ပြထားသည်။ ဤသုတေသနစစ်တမ်းအရ ကယားပြည်နယ်တွင် မဲပေးနိုင်သည့်အသက်အရွယ်ရှိသူအားလုံး၏ (၄၂%) ကသာမဲပေးသဖြင့် "မဲပေးမှု အနိမ့်ဆုံးဒေသ" ဖြစ်ပြီး၊ ရခိုင်ပြည်နယ်သည် (၈၅%) "မဲပေးမှုအမြင့်ဆုံးဒေသ" ဖြစ်သည်။

မွန်ပြည်နယ် (၄၆%)၊ တနင်္သာရီတိုင်းဒေသကြီး (၄၄%)၊ ကရင်ပြည်နယ် (၄၃%)၊ ကယားပြည်နယ် (၄၁%) နှင့် ပဲခူးတိုင်းဒေသကြီး (၄၁%) တို့က "မဲမပေးပါ" ဟုဖြေဆိုသဖြင့်၊ ယင်းဒေသများသည် သတင်းအချက်အလက်ရရှိသော်လည်း ရွေးကောက်ပွဲတွင် မပါဝင်ခဲ့သော၊ ၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲအပေါ်စိတ်ဝင်စားမှုနည်းသော ဒေသများအဖြစ် တွေ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် "မမှတ်မိပါ၊ မသိပါ" (၂၉%) ဟုဖြေဆိုသဖြင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ရရှိမှု အနိမ့်ဆုံးဒေသအဖြစ်တွေ့ရပြီး၊ ယင်း "မမှတ်မိပါ၊ မသိပါ" ဟု ဖြေဆိုသူများတွင် အမျိုးသမီး (၃၆%) သည် အမျိုးသား (၇%) ထက်များသည်။

## ၃.၆. မဲပေးရခြင်း၊ မဲမပေးရခြင်း အကြောင်းများ

**ပုံ ၃.၁၃. မဲပေးရခြင်းအကြောင်းများ (ကျား၊မ)**






**Figure 3.13: Motivation to Vote by Sex**

ပုံ ၃.၁၃ အရ ဖြေဆိုသူအားလုံး၏ (၅၅ %) က "နိုင်ငံသားတစ်ဦးအနေဖြင့်တာဝန်ရှိ၍ မဲပေးခြင်း" ဖြစ်ပြီး၊ (၃၀%) က "တာဝန်သိနိုင်ငံ့ခေါင်းဆောင်ကို ခေါင်းဆောင်ကိုရွေးချယ်ရန်မဲပေးခြင်း" ဖြစ်သည်။ အမျိုးသမီးနှင့် အမျိုးသားကြား ကြီးမားသောကွာဟချက်မတွေ့ရပါ။ သို့ရာတွင် "မိသားစုနှင့် သူငယ်ချင်းများတိုက်တွန်းသောကြောင့်မဲပေးခြင်း" ကို အမျိုးသမီးများတွင် (အမျိုးသမီးအားလုံး၏ ၄%) အမျိုးသားများထက် (အမျိုးသားအားလုံး၏ ၁.၄%) ပိုမိုတွေ့ရသဖြင့် အမျိုးသမီးများ၏ မဲပေးမှုဆုံးဖြတ်ချက်အပေါ် မိသားစု၊ သူငယ်ချင်းများ၏ လွှမ်းမိုးမှု၊ ဩဇာသက်ရောက်မှုရှိသည် ကို တွေ့ရသည်။ သတင်းအချက်အလက်များမရရှိခြင်း နှင့် လက်လှမ်းမှီမှု အားနည်းခြင်း သည် အမျိုးသမီးကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ခြင်းနှင့် ဆုံးဖြတ်နိုင်သောစွမ်းရည်ရှိခြင်းအတွက် အဓိကကျသောစိန်ခေါ်ချက်တစ်ရပ် ဖြစ်သည်။

## ပုံ ၃.၁၄. မဲမပေးရခြင်းအကြောင်းများ (ကျား၊မ)

**Figure 3.14: Reasons for Not Voting by Sex**




| | Male | Female | Both Sex |
|---|---|---|---|
| My name was not in the voter's list | 23.8 | 22.0 | 22.5 |
| No National Registration Card (NRC) | 7.9 | 8.4 | 8.3 |
| No one from my family voted | 22.5 | 29.9 | 27.7 |
| I didn't trust election (candidate or party) | 22.5 | 12.7 | 15.6 |
| The Candidate was a woman | 0.8 | 0.2 | 0.4 |
| Location of my polling station was far | 7.5 | 5.7 | 6.2 |
| I was not aware of the candidate from my constituency | 6.3 | 8.2 | 7.7 |
| I thought Voting by head of household is enough | 8.8 | 12.9 | 11.7 |

ပုံ ၃.၁၄ အရ ဤသုတေသနစစ်တမ်းအရ "အိမ်မှတစ်ယောက်မျှမဲမပေး၍ သို့မဟုတ် မသိ၍မဲမပေးခြင်း" (၂၈%)၊ "မဲစာရင်းတွင် အမည်မပါ၍ မဲမပေးခြင်း" (၂၃%)၊ နှင့် "ရွေးကောက်ပွဲ (ပါတီ၊ ကိုယ်စားလှယ်လောင်း)ကိုမယုံကြည်၍မဲမပေးခြင်း" (၁၆%) သည် မဲမပေးရခြင်း၏ အဓိက အကြောင်းရင်းများဖြစ်သည်။

ဖြေဆိုသူအမျိုးသားများ မဲမပေးခြင်း၏အဓိကအကြောင်းရင်းများမှာ "မဲစာရင်းတွင်အမည်မပါသောကြောင့် မဲမပေးခြင်း" (အမျိုးသားအားလုံး၏၂၄%)၊ "အိမ်ကတစ်ယောက်မျှမဲမပေး၍ သို့မဟုတ် မသိ၍မဲမပေးခြင်း" (အမျိုးသားအားလုံး၏၂၃%)၊ နှင့် "ရွေးကောက်ပွဲ (ပါတီ၊ ကိုယ်စားလှယ်လောင်း) ကိုမယုံကြည်၍ မဲမပေးခြင်း" (အမျိုးသားအားလုံး၏၂၃%) တို့ဖြစ်သည်။

ဖြေဆိုသူ အမျိုးသမီးများ မဲမပေးခြင်း၏ အဓိကအကြောင်းရင်းများမှာ "အိမ်ကတစ်ယောက်မျှ မဲမပေး၍ သို့မဟုတ် မသိ၍မဲမပေးခြင်း" (အမျိုးသမီးအားလုံး၏၃၀%)၊ "မဲစာရင်းတွင် အမည်မပါသောကြောင့်မဲမပေးခြင်း" (အမျိုးသမီးအားလုံး၏၂၂%)၊ နှင့် "အိမ်ထောင်ဦးစီးမဲပေးလျှင် ၄င်းကိုယ်တိုင်မဲပေးရန်မလိုအပ်ဟုထင်သည့်အတွက်မဲမပေးခြင်း" (အမျိုးသမီးအားလုံး၏၁၃%) တို့ဖြစ်သည်။

"ကိုယ်စားလှယ်လောင်းသည် အမျိုးသမီးဖြစ်ခြင်းကြောင့် မဲမပေးခြင်း" (၁.၄%) မျှသာဖြစ်သဖြင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများအပေါ် တစ်နည်းအားဖြင့် အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှု အပေါ်ငြင်းဆန်မှုကို ယေဘုယျအားဖြင့် သိသာထင်ရှားစွာမတွေ့ရပါ ဟုဆိုနိုင်သည်။ သို့ရာတွင် အမျိုးသားများ၏ အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်မှုအပေါ် ငြင်းဆန်မှု (အမျိုးသားအားလုံး၏ ၁.၈%) သည် အမျိုးသမီးများ (အမျိုးသမီးအားလုံး၏ ၁.၂%) နှင့် နိူင်းယှဉ်ပါမူ အမျိုးသားက ပိုများကြောင်းတွေ့ရသည်။

"ရွေးကောက်ပွဲ(ပါတီ၊ကိုယ်စားလှယ်လောင်း)ကိုမယုံကြည်၍မဲမပေးခြင်း" တွင် အမျိုးသားများ (အမျိုးသားအားလုံး၏၂၃%) သည် အမျိုးသမီးများ (အမျိုးသမီးအားလုံး၏ ၁၃%) ထက်များသည်။

"အိမ်ကတစ်ယောက်မှုမဲမပေး၍ သို့မဟုတ် မသိ၍မဲမပေးခြင်း" တွင် အမျိုးသမီးများ (အမျိုးသမီး ၏ ၃၀%)သည် အမျိုးသားများ (အမျိုးသား၏၂၃%) ထက်များပြီး၊ "အိမ်ထောင်ဦးစီးမဲပေးလျှင် ၄င်း ကိုယ်တိုင်မဲပေးရန်မလိုအပ်ဟုထင်သည့်အတွက်မဲမပေးခြင်း" တွင်လည်း အမျိုးသမီးများ (အမျိုး သမီးအားလုံး၏ ၁၃%) သည် အမျိုးသားများ (အမျိုးသားများ၏ ၉%) ထက်များသည်။ ထို့ကြောင့် အမျိုးသမီးများ ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များ လက်လှမ်းမှီမှုမရှိခြင်း နှင့် နိုင်ငံသားတစ်ဦးအနေဖြင့် မဲပေးနိုင်သော အခွင့်အရေးကိုမသိရှိခြင်း၊ ထိရောက်စွာကျင့်သုံး နိုင်မှုမရှိခြင်း တို့သည် ရွေးကောက်ပွဲတွင် အမျိုးသမီးများပါဝင်မှုအတွက် အဓိကကျသော အတားအဆီးများ၊ စိန်ခေါ်မှုများဖြစ်သည်။

"မှတ်ပုံတင်မရှိ၍မဲမပေးရပါ" ဟုဖြေဆိုသူများသည် ဖြေဆိုသူအားလုံး၏ (၈%) ဖြစ်ပြီး အမျိုးသမီး နှင့် အမျိုးသားအကြားသိသာသောကွာခြားမှု မတွေ့ရပါ။

## ၃.၇. မဲဆန္ဒရှင်၏ရွေးချယ်မှု

**ဇယား၃.၂. ပါတီကိုရွေးချယ်ခြင်း (ရာခိုင်နှုန်း)**

| Table 3.2: Choice of Political Party | | |
|---|---|---|
| **Choice of Political Party** | **Frequency** | **Percent** |
| Election manifesto (policy/objective) | 711 | 59.5 |
| Party leadership | 173 | 14.5 |
| Candidates | 72 | 6.0 |
| Ethnic party | 239 | 20.0 |
| **Total** | **1195** | **100.0** |

ဤသုတေသနစစ်တမ်းအရ ဖြေဆိုသူအားလုံး၏ (၆၀%) က နိုင်ငံရေးပါတီတစ်ခုအား ရွေးချယ်ရာတွင်အရေးကြီးဆုံးမှာ "ပါတီ၏ မူဝါဒ၊ ပေါ်လစီနှင့် ရည်ရွယ်ချက်ဖြစ်သည်"ဟု ဖြေသည်။ "မိမိလူမျိုးပါတီဖြစ်မှုအား အခြေခံ၍ရွေးချယ်မည်" (၂၀%) ဟု ဖြေဆိုသူအများစုသည် မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်မှဖြစ်သည်။ (၆%) ကသာ "ကိုယ်စားလှယ်လောင်း မည်သူမည်ဝါဖြစ်ခြင်းအပေါ် မူတည်၍ ဆုံးဖြတ်သည်" ဟုဆိုခြင်းကြောင့် ဤသုတေသနစစ်တမ်းအရ ဖြေဆိုသူများသည် နိုင်ငံရေးပါတီတစ်ခုအားရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းထက် ပါတီ၏မူဝါဒကို ကြည့်၍ ရွေးချယ်မည် ဖြစ်သည်။

## ပုံ ၃.၁၅. ကိုယ်စားလှယ်လောင်းရွေးချယ်ခြင်း(ကျား၊မ)





Figure 3.15: Voter's Choice (Decision to Vote) by Sex

ကိုယ်စားလှယ်လောင်းကိုရွေးချယ်မှု နှင့်ပတ်သက်၍ "ကိုယ်စားလှယ်လောင်း၏ ပညာအရည်အချင်း နှင့် ခေါင်းဆောင်မှုအရည်အသွေး" (၄၉%) နှင့် "ကိုယ်စားလှယ်လောင်း ပါတီ၏ မူဝါဒ၊ ပေါ်လစီနှင့် ရည်ရွယ်ချက်" (၃၃%) ကိုအခြေခံပြီး ရွေးချယ်မည်ဟုဖြေဆိုသည်။

"ကိုယ်စားလှယ်လောင်းမှ လူထုကိုပေးသောကတိကဝတ်များ" အား အမျိုးသမီးများက (အမျိုးသမီးအားလုံး၏ ၇.၇%) အမျိုးသားများ (အမျိုးသားအားလုံး၏ ၆.၆%) ထက်ပို၍ အလေးထားသည်။ "မိသားစု၊သူငယ်ချင်းများကအကြံပေးတိုက်တွန်းသောကိုယ်စားလှယ်လောင်းကိုရွေးချယ်မည်" (၂%) ဟုဖြေဆိုသူများတွင် အမျိုးသားအားလုံး၏ (၀.၆%) နှင့် အမျိုးသမီးအားလုံး၏ (၂.၂%) ပါဝင်သဖြင့်၊ အမျိုးသမီးများ၏ရွေးချယ်မှုအပေါ် မိသားစုနှင့် သူငယ်ချင်းများ၏ အကြံပြုချက်များက ပိုမိုလွှမ်းမိုးကြောင်းတွေ့ရသည်။

"ဘာကိုကြည့်ရွေးရမယ်မသိပါ" (၈.၅%) ဟု အမျိုးသမီးအားလုံး၏ (၁၀%)၊ နှင့် အမျိုးသား အားလုံး၏ (၄%) တို့ကဖြေဆိုရာ၊ အမျိုးသမီးပိုများသည်။

## ၃.၈. ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု

**ဇယား ၃.၃. မဲပေးရန်ဆုံးဖြတ်ထားမှု (ရာခိုင်နှုန်း)**


| Table 3.3: Decision to Vote in 2015 election | | |
|---|---|---|
| **Decision to Vote** | **Frequency** | **Percent** |
| Very High Degree | 372 | 31.1 |
| High Degree | 273 | 22.8 |
| Small Degree | 364 | 30.5 |
| Not at all | 186 | 15.6 |
| **Total** | **1195** | **100.0** |

ဇယား ၃.၃ သည် ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် "မည်သည့်ပါတီကိုမဲပေးမည်ဟု ဆုံးဖြတ်ချက်ချထားမှု" နှင့်ပတ်သက်၍ ဖော်ပြထားသည်။ ဤသုတေသနစစ်တမ်းတွင် "အလွန်သေချာစွာ" နှင့် "သေချာစွာ" ဆုံးဖြတ်ထားသည် ဟုဖြေဆိုသူများကို ရွေးကောက်ပွဲတွင် ပါဝင်ရန်စိတ်အားထက်သန်သူများ ဟုလည်းကောင်း၊ "မသေချာပါ" နှင့် "မသိသေးပါ" ဟု ဖြေဆိုသူများကို ရွေးကောက်ပွဲတွင်ပါဝင်ရန် ပြင်းပြသောစိတ်အားထက်သန်မှုနည်းပါးသူများ ဟု လည်းကောင်း သုံးသပ်ထားသည်။

ဖြေဆိုသူအားလုံး၏ (၅၄%) က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၎င်းတို့ မည်သည့် ပါတီကိုမဲပေးမည်ကို "အလွန်သေချာစွာ သို့မဟုတ် သေချာစွာဆုံးဖြတ်ချက်ချထားသည်" ဟု ဖြေဆိုကြသည်။

မည်သည့်ပါတီကို ရွေးချယ်ရမည်ကို "မသေချာပါ" (၃၀%) နှင့် "မသိပါ" (၁၆%) ဟုဖြေဆိုသဖြင့်၊ ဖြေဆိုသူအားလုံး၏ (၄၆%) သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် ပြင်းပြသောစိတ်အားထက်သန်မှုနည်းပါးကြောင်း ယေဘုယျတွေ့ရသည်။

ပုံ ၃.၁၆. မဲပေးရန်ဆုံးဖြတ်ထားမှု (ကျား၊မ)





ပုံ ၃.၁၆ သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မည်သည့်ပါတီကိုမဲပေးရန် "မသေချာပါ" နှင့် "မသိပါ" ဟုဖြေဆိုသည့် အုပ်စုနှစ်စုအား ကျား၊မ အလိုက် ခွဲခြား လေ့လာထားသည်။

ဖော်ပြပါအုပ်စုနှစ်စုလုံးတွင် အမျိုးသမီး (အမျိုးသမီးအားလုံး၏ ၅၀%) သည် အမျိုးသား (အမျိုးသားအားလုံး၏ ၃၈%) ထက်ပိုများသည်။ ဖြေဆိုသူအမျိုးသမီးအားလုံး၏ ထက်ဝက် (၅၀%) က ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲပေးရန် ပြင်းပြသော စိတ်အား ထက်သန်မှုနည်းပါးသည် ဟု တွေ့ရှိရမှုသည် မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိ နေသော အမျိုးသမီးထုအနေဖြင့် ၄င်းတို့၏ မဲပေးနိုင်သည့် အခွင့်အရေးကို ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် အကျိုးရှိ ထိရောက်သေချာစွာ အသုံး ပြုနိုင်ပါမည်လား ဟူသော အချက်အပေါ် သံသယဖြစ်ဖွယ် စိုးရိမ်ဖွယ်ဖြစ်သည်။

## ပုံ ၃.၁၇. မဲပေးရန်ဆုံးဖြတ်ထားမှု (ပြည်နယ်နှင့်တိုင်းဒေသကြီး)

**Figure 3.17: Decision to Vote by State/Region (Small & Not at All)**





| | Ayeyarwady | Shan | Yangon | Rakhine | Mon | Mandalay | Magway | Bago | Tanintharyi | Sagaing | Chin | Kayin | Kayah | Kachin |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Small Degree | 41.1 | 10.7 | 41.6 | 8.2 | 50.5 | 9.6 | 41.7 | 10.7 | 40.5 | 29.4 | 26.2 | 42.4 | 51.9 | 19.0 |
| Not at all | 3.3 | 40.5 | 6.7 | 8.2 | 2.2 | 16.9 | 21.4 | 7.1 | 3.6 | 28.2 | 15.5 | 20.0 | 13.6 | 33.3 |

ပုံ ၃.၁၇ သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မည်သည့်ပါတီကိုမဲပေးရန် "မသေချာပါ" နှင့် "မသိပါ" ဟု ဖြေဆိုသည့်အုပ်စုနှစ်စုအား ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်လေ့လာထားသည်။

ဤသုတေသနစစ်တမ်းအရ "မည်သည့်ပါတီကို မဲပေးရန်မသေချာသေးပါ" ဟု ကယားပြည်နယ် (၅၂%)၊ မွန်ပြည်နယ် (၅၁%)၊ ကရင်ပြည်နယ် (၄၂%) တို့ကလည်းကောင်း၊ "မသိပါ" ဟု ရှမ်းပြည်နယ် (၄၁%)၊ ကချင်ပြည်နယ် (၃၃%)၊ နှင့် စစ်ကိုင်းတိုင်း ဒေသကြီး (၂၈%) တို့ကလည်းကောင်း ဖြေဆိုကြသဖြင့် ယင်းဒေသများကို "၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ တွင် ပါဝင်ရန် စိတ်အားထက်သန်မှုအနည်းဆုံးဒေသများ" အဖြစ် တွေ့ရသည်။

### ပုံ ၃.၁၈. မဲပေးရန်ဆုံးဖြတ်ထားမှု (အတန်းပညာရေးပြီးမြောက်မှု)


**Figure 3.18: Decision to Vote in 2015 General Election by Educational Background**




ပုံ ၃.၁၈သည် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မည်သည့်ပါတီကို မဲပေးမည့်အပေါ် ဆုံးဖြတ်ထားမှုအား အတန်းပညာတတ်မြောက်မှုအလိုက်လေ့လာထားသည်။

ဤသုတေသနစစ်တမ်းအရ ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲပေးရန် ပြင်းပြသောစိတ်အားထက်သန်မှုနည်းပါးမှုကို ဖြေဆိုသူများအနက် ဘုန်းတော်ကြီးသင်ပညာရေး တတ်မြောက်သူများ (၇၀%) နှင့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ (၅၉%) တွင် အများဆုံးတွေ့ရသည်။

**ပုံ ၃.၁၉. မဲပေးရန်ဆုံးဖြတ်ထားမှု (အလုပ်အကိုင်အမျိုးအစား)**




ပုံ ၃.၁၉သည် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မည်သည့်ပါတီကို မဲပေးမည့်အပေါ် ဆုံးဖြတ်ထားမှုအား အလုပ်အကိုင်အမျိုးအစား အလိုက်လေ့လာထားသည်။


ဤသုတေသန စစ်တမ်းအရ ဖြေဆိုသူကျောင်းသူ/သား(၆၁%) က "မသေချာပါ"၊ နှင့် (၁၁%) က "မသိပါ" ဟုဖြေဆိုကြသဖြင့် "ကျောင်းသူ၊ကျောင်းသားအုပ်စု"သည် ၂၀၁၅ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲပေးရန် စိတ်အားထက်သန်မှုအနည်းဆုံးအုပ်စု ဖြစ်သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲပေးရန်ပြင်းပြသော စိတ်အားထက်သန်မှု အမြင့်မားဆုံးအုပ်စုများအဖြစ် "လွှတ်တော်အမတ် သို့မဟုတ် ကိုယ်စားလှယ်လောင်း" (၉၇%)၊ "နိုင်ငံရေးသမားများ သို့မဟုတ် တက်ကြွလှုပ်ရှားသူ" (၈၇%) နှင့် "ပင်စင်စား" (၆၁%) တို့ကို တွေ့ရပါသည်။

လက်နက်ကိုင်တပ်ဖွဲ့ဝင်များ(၂၈%)၊ အစိုးရဝန်ထမ်းများ (၂၃%) သည် "မသိပါ" ဟု ဖြေဆိုနှုန်း အမြင့်ဆုံးအုပ်စုများဖြစ်ပါသည်။


## ၃.၉. မဲပေးသည့်အလေ့အထ

**ပုံ ၃.၂၀. ၁၉၉၀၊၂၀၀၈၊၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲတွင် ပါဝင်မှု အနိမ့်ဆုံး ဒေသများ**





ပုံ ၃.၂၀.ပါ နိုင်ငံယှဉ်ချက်အရ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ နှင့် တနင်္သာရီတိုင်း တို့သည် ၁၉၉၀၊ ၂၀၀၈ နှင့် ၂၀၁၀ ခုနှစ် များတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲ နှင့် ဆန္ဒခံယူ ပွဲများတွင်ပါဝင်မှုနှုန်းအနိမ့်ဆုံးဒေသများ ဖြစ်ခဲ့ကြသည်။ ထို့အပြင် ကယားပြည် နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် တို့ကို ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင်ပါဝင်ရန် စိတ်အားထက် သန်မှုအနည်းဆုံး ပြည်နယ်များအဖြစ် တွေ့ရှိရပြန်သဖြင့် ယင်းဒေသများကို ရွေးကောက်ပွဲတွင် ပိုမိုတက်ကြွစွာပါဝင်စေရန် အထူးအလေးထား လုပ်ဆောင်ရမည့် ဒေသများအဖြစ် ရှုမြင်သည်။


**ပုံ ၃.၂၁. မသိပါ၊မမှတ်မိပါဖြေဆိုမှုအမြင့်ဆုံးဒေသ**




ပုံ ၃.၂၁ ပါနိုင်းယှဉ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီးသည် ၁၉၉၀ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲနှင့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်မှုနှင့် ပတ်သက်၍ "မသိပါ၊ မမှတ်မိပါ" ဟုဖြေဆိုမှုအမြင့်ဆုံးဒေသဖြစ်သည်။ ထို့အပြင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မည်သည့်ပါတီကို မဲပေးရန်ဆုံးဖြတ်ထားမှုအပေါ် "မသိပါ" ဟု ဖြေဆိုသူမြင့်မားသောဒေသဖြစ်ခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီးကို ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ရရှိမှု နှင့် လက်လှမ်းမီမှု အနိမ့် ဆုံးဒေသအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ပါဝင်ရန် စိတ်အားထက်သန်မှုအနည်းဆုံးဒေသအဖြစ်လည်းကောင်း သုံးသပ်သည်။


ပုံ ၃.၂၂. ၁၉၉၀၊၂၀၀၈၊၂၀၁၀နှင့်၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု




ရှမ်းပြည်နယ် သည် ၁၉၉၀၊ ၂၀၀၈ နှင့် ၂၀၁၀ ခုနှစ် များတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲ နှင့် ဆန္ဒခံယူပွဲများတွင် ပါဝင်မှုနှုန်းသိသာစွာ မြင့်မားခဲ့သော်လည်း ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင်မှု ပါဝင်ရန် စိတ်အားထက်သန်မှု နည်းသောဒေသအဖြစ်တွေ့ရသည်။ ကချင်ပြည်နယ်သည် ၁၉၉၀ နှင့် ၂၀၁၀ ခုနှစ် များတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ ပါဝင်မှုနှုန်း မနိမ့်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင်မှု ပါဝင်ရန် စိတ်အားထက်သန်မှု အနည်းဆုံး ဒေသထဲမှ တစ်ခု အဖြစ်တွေ့ရသည်။ ယင်းပြည်နယ်နှစ်ခု၏ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ပါဝင်မှုအပေါ် လွှမ်းမိုးနေသည့် အချက်အလက်များကို ပိုမိုသဘောပေါက်နားလည်ရန် လိုအပ်သည်။

ပုံ ၃.၂၃. ၁၉၉၀၊ ၂၀၀၈၊ ၂၀၁၀ခုနှစ်ဆန္ဒခံယူပွဲနှင့်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု (ကျား၊မ)




၁၉၉၀ နှင့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်မှုကို နှိုင်းယှဉ်လေ့လာပါက၊ အမျိုးသားများ၏ ရွေးကောက်ပွဲတွင် ပါဝင်မှုသည် ၁၉၉၀ခုနှစ်ကထက် ကျဆင်းလာသည်ကို တွေ့ရပြီး (၇၀% မှ ၅၈%)၊ အမျိုးသမီးများ၏ ရွေးကောက်ပွဲ တွင်ပါဝင်မှု (၆၁% မှ ၆၃%) သည် ၁၉၉၀ခုနှစ်ထက် မြင့်မားလာသည်ကို တွေ့ရသည်။

ပုံ ၃.၁၃ ၁၉၉၀၊ ၂၀၀၈ နှင့် ၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲ နှင့် ဆန္ဒခံယူပွဲများတွင်ပါဝင်မှု နှင့် ဇယား ၃.၃ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်မဲပေးရန်ဆုံးဖြတ်ထားမှုတို့ကို နှိုင်းယှဉ်လေ့လာပါက၊ လူထု၏ရွေးကောက်ပွဲတွင်ပါဝင်ရန် စိတ်အားထက်သန်မှုသည် ၁၉၉၀ခုနှစ်နှင့် နှိုင်းစာလျှင် လျော့နည်းနေကြောင်း ယေဘုယျသုံးသပ်သည်။

# အခန်း ၄: နိုင်ငံရေးနှင့်ရွေးကောက်ပွဲတွင်အမျိုးသမီးများ၏ပါဝင်မှု

ဥပဒေပြုခြင်းအပါအဝင် အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်း နှင့် စီမံခန့်ခွဲမှုအဆင့်တိုင်းတွင် အမျိုးသမီးများပါဝင်မှု၊ ကိုယ်စားပြုမှုရှိခြင်းဖြင့် အမျိုးသမီးတို့၏ လိုအပ်ချက် ဦးစားပေးချက်များကို ထည့်သွင်းလုပ်ဆောင်ခြင်းသည် ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ရေရှည်ဖွံ့ဖြိုးရေးအတွက် အဓိက ကျသည်။

၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကျား-မတန်းတူညီမျှရေးကို အာမခံပေးထားသော်လည်း လက်တွေ့လုပ်ဆောင်အကောင်အထည်ဖော်မှုများ အားနည်းသည်။ ကျား-မ ပုံသေကားကျ အမြင်ဖြင့် ခွဲခြားထားသည့် "အမျိုးသားများနှင့်သာသင့်လျော်သောအလုပ်အကိုင်များ" ဟူ၍ အခြေခံဥပဒေတွင် ထည့်သွင်းထားသည်။ နိုင်ငံတော်သည် စီဒေါစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုများပပျောက်ရန် စာချုပ်ပါ သဘောတူညီ ချက်များကို အကောင်အထည်ဖော် ကျင့်သုံးပါမည်ဟု ကတိကဝတ်ပြုထား သည်။

စီဒေါကော်မတီ၏ အထွေထွေ အကြံပြုချက် (၂၀၀၈) တွင် အမျိုသမီးများ ခေါင်းဆောင်မှုနှင့် နိုင်ငံရေးကဏ္ဍတို့တွင်ပါဝင်နိုင်ရန်၊ အမျိုးသမီး ကိုယ်စားလှယ်လောင်းများနှင့် အမျိုးသမီး ကိုယ်စား လှယ်များအတွက် အားပေးကူညီသည့် အစီအမံများလုပ်ဆောင်ရန်၊ ရွေးကောက်ပွဲဥပဒေ သည် အမျိုးသမီးများအား ခွဲခြားမှုမဖြစ်စေဘဲ တန်းတူပါဝင်နိုင်မည့်အခွင့်အလမ်းများဖန်တီးပေးရန်၊ ယာယီ အထူးပြုလုပ်ဆောင်ချက်တစ်ရပ်အဖြစ် အမျိုးသမီးအနည်းဆုံး ၃၀% ပါဝင်သော အချိုးကျကိုယ် စားပြုစနစ်ကျင့်သုံးရန် စသည်ဖြင့် နိုင်ငံတော်အစိုးရကို တိုက်တွန်းထားပါသည်။


၂၀၁၂ ခုနစ်တွင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော် လွှတ်တော် နှစ်ရပ်စလုံး၌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၅၃ ဦး (၄.၆%) ပါဝင်ပြီး ပြည်သူ့လွှတ်တော် တွင် ၂၅ ဦး (၇.၈%)၊ အမျိုးသားလွှတ်တော်တွင် ၄ ဦး (၂.၄%)၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ် တော်တွင် ၂၄ ဦး (၃.၆%) ရှိသည်။ ကျားမတန်းတူညီမျှရေးအတွက် အနိမ့်ဆုံးပြည့်မီရန် လိုအပ် ချက်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက် ၃၀% ပြည့်မီရန် များစွာလိုပါသေး သည်။

အခန်း (၄) သည် အမျိုးသမီးများ ခေါင်းဆောင်မှုနှင့်နိုင်ငံရေးတွင်ပါဝင်မှုအပေါ် အမြင်၊ အမျိုးသမီး များတွေ့ကြုံရသည့် အခက်အခဲ အတားအဆီးများ၊ ၂၀၁၅ ခုနစ်အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အမျိုးသမီးကိုယ်စားလှယ်လောင်းများအပေါ် သဘောထားတို့ကို ဖော်ပြထားသည်။

## ၄.၁. အမျိုးသမီးများခေါင်းဆောင်မှုနှင့်နိုင်ငံရေးတွင်ပါဝင်မှုအပေါ်အမြင်

**ပုံ ၄.၁ ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ပါဝင်မှု**

**Figure 4.1: Like to be involved in 2015 Election by Sex**





ပုံ ၄.၁ သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြေဆိုသူများ မည်သို့ပါဝင်ကြမည်ကို ဖော်ပြသည်။

ဖြေဆိုသူများက ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် "မဲဆန္ဒရှင်"(၇၈%)၊ "နိုင်ငံရေး ပါတီဝင်" (၇%) နှင့် "ကိုယ်စားလှယ်လောင်း" (၄%) အနေဖြင့်ပါဝင်မည်ဟု ဖြေဆိုထားသဖြင့် "နိုင်ငံရေးပါတီဝင်" နှင့် "ကိုယ်စားလှယ်လောင်း" အနေဖြင့်ပါဝင်မှုနည်းပါးသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် "မဲပေးရန် မသေချာပါ" ဟုဖြေဆိုသူအားလုံး၏ (၁၁%) ကဖြေဆိုသည်။

"နိုင်ငံရေးပါတီဝင်" အဖြစ်ပါဝင်မည်ဟုဖြေဆိုသူများတွင် အမျိုးသား (အမျိုးသားအားလုံး၏ ၁၀%) သည် အမျိုးသမီး (အမျိုးသမီးအားလုံး၏ ၆%) ထက်များသည်မှအပ အမျိုးသားနှင့် အမျိုး သမီးကြားကွာဟချက် ထင်ရှားစွာမရှိပါ။

ပုံ ၄.၂. ၂၀၁၅ခုနှစ်ရွေးကောက်ပွဲတွင်အမျိုးသမီးကိုယ်စားလှယ်လောင်းအားရွေးချယ်မှု (ကျား၊မ)





ပုံ ၄.၂ အရ ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသမီးကိုယ်စားလှယ်လောင်းအပေါ် မဲဆန္ဒရှင်များ၏သဘောထားနှင့် ပတ်သက်၍ ဖြေဆိုသူအားလုံး၏ (၄၉%) က "အမျိုးသား ဖြစ်စေ၊ အမျိုးသမီးဖြစ်စေရွေးချယ်မည်"ဟုဖြေဆိုပြီး၊ (၄၂%) က "အမျိုးသမီးဖြစ်လည်းမဲပေးပါမည်" ဟု ဖြေဆိုသဖြင့်၊ ဤသုတေသနစစ်တမ်းအရ အမျိုးသမီးကိုယ်စားလှယ်လောင်းကို ရွေးချယ်ရာတွင် ကျား၊မ ဖြစ်ခြင်းအပေါ် အခြေခံကာခွဲခြားခြင်းမရှိဟု (တစ်ဦးချင်းအဆင့်တွင်) ယေဘုယျ တွေ့ရ သည်။

"အမျိုးသမီးကိုယ်စားလှယ်လောင်းကိုမဲမပေးပါ" ဟူသောသဘောထားရှိသည့်ဖြေဆိုသူသည် ဖြေဆိုသူအားလုံး၏ (၄%) မျှသာရှိခြင်းကြောင့် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်မှုကို ငြင်းဆန်သော၊ မယုံကြည်သောသဘောရှိသူနည်းပါးသည်ဟုဆိုနိုင်သော်လည်း၊ ယင်းကဲ့သို့ဖြေဆိုကြသူများသည် အမျိုးသမီးအားလုံး၏ (၄.၃%) နှင့် အမျိုးသားအားလုံး၏ (၃.၉%) ဖြစ်သဖြင့်၊ အမျိုးသမီး ခေါင်းဆောင်မှုကို မယုံကြည်သူများတွင် အမျိုးသမီးသည် အမျိုးသားထက်များသည်။ ယင်းသည် အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်ခြင်းနှင့် အမျိုးသမီးခေါင်းဆောင်မှုကဏ္ဍအား အမျိုးသမီးများ ကိုယ်တိုင်ယုံကြည် ပံ့ပိုးရန်လိုအပ်နေကြောင်း ကိုပြသသည်။

ထို့အပြင် "မဲပေးရန် မသေချာပါ" ဟုဖြေဆိုသူအားလုံး၏ (၅%) ကဖြေဆိုသည့်အနက် အမျိုးသမီး (အမျိုးသမီးအားလုံး၏ ၅.၄%) သည် အမျိုးသား (အမျိုးသားအားလုံး၏ ၃.၉%) ထက် ပိုများ သည်။

ပုံ ၄.၃. မဲဆန္ဒရှင်များမျှော်မှန်းထားသည့်အမျိုးသမီးကိုယ်စားလှယ်လောင်း၏အရည်အသွေး





ပုံ ၄.၃ အရ မဲဆန္ဒရှင်များမျှော်မှန်းထားသည့် အမျိုးသမီးကိုယ်စားလှယ်လောင်း၏ အရည်အသွေးကို ဖြေဆိုသူများက "ခေါင်းဆောင်မှုအရည်အချင်း နှင့် ကိုယ်ရည် ကိုယ်သွေး" (၅၀%) အပေါ် အခြေခံသည်ဟုလည်းကောင်း၊ "ပညာအရည်အချင်း နှင့် အတွေ့အကြုံ" (၄၃%) အပေါ် အခြေခံသည်ဟုလည်းကောင်း ဖြေဆိုကြသဖြင့် ဖြေဆိုသူအများစု (၉၃%) သည် "ခေါင်းဆောင်မှုစွမ်းရည်ရှိသော၊ ပညာတတ်သော အမျိုးသမီးကိုယ်စားလှယ်လောင်း" ကို ရွေးချယ်လိုကြောင်း တွေ့ရှိရသည်။

ဤသုတေသနစစ်တမ်းအရ ဖြေဆိုသူတို့သည် ကိုယ်စားလှယ်လောင်းအားရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်း၏ "မိသားစု၊ နောက်ခံမျိုးရိုး နှင့် အဆင့်အတန်း" (၃%)၊ "ဘာသာရေး ယုံကြည်မှု" (၂%)၊ နှင့် "လူမှု၊စီးပွားရေး ကျောထောက်နောက်ခံအခြေအနေ" (၂%) တို့ကို အခြေခံ၍ ဆုံးဖြတ် ရွေးချယ်မှုနည်းပါးသည်။

## ၄.၂. အမျိုးသမီးကိုယ်စားလှယ်လောင်းဖြစ်ရန်လူမှုဖွဲ့အစည်းရှိအတားအဆီးများ

**ပုံ ၄.၄. အမျိုးသမီးကိုယ်စားလှယ်လောင်းဖြစ်ရန် မြန်မာ့လူမှုအဖွဲ့အစည်းရှိအတားအဆီးများ**

**Figure 4.4: Views on Obstical to Women's Participation in Election as Candidate**




ပုံ ၄.၄ သည် အမျိုးသမီးများ ကိုယ်စားလှယ်လောင်းဖြစ်မှုကို တားဆီးနေသည့်အခက်အခဲများကို ဆွေးနွေးထားသည်။


ဤသုတေသနစစ်တမ်းအရ ဖြေဆိုသူအားလုံး၏ (၄၄%) သည် အမျိုးသမီးများ ကိုယ်စားလှယ်လောင်းဖြစ်ရန် အဓိကအတားအဆီးအဖြစ် မြန်မာ့လူမှုအဖွဲ့အစည်းရှိ "ယဉ်ကျေးမှု နှင့် လူမှုအသိုင်းအဝိုင်း၏ အမျိုးသမီးများအပေါ်အမြင်များ" ကိုရွေးချယ်သည်။ "အမျိုးသမီး ခေါင်းဆောင်မှုကို မကြိုက်ခြင်း" (၁၁%)၊ "အိမ်မှုကိစ္စနှင့်ကလေးကိစ္စများကြောင့် မအားလပ်ခြင်း" (၁၀%)၊ နှင့် "အမျိုးသမီးများကိုယ်တိုင်က နိုင်ငံရေးကိုစိတ်မဝင်စားခြင်း နှင့် မိမိကိုယ်ကို ယုံကြည်မှုမရှိခြင်း" (၉%) တို့သည် အခြားအတားအဆီးများဖြစ်သည်။

ဤသုတေသနစစ်တမ်းအရ အမျိုးသမီးများနိုင်ငံရေး နှင့် ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်ရေး ဆိုင်ရာအတားအဆီးများကိုလေ့လာရာ၌ "တစ်ဦးချင်းအဆင့်"တွင် ကျား-မဖြစ်ခြင်း အပေါ်အခြေခံ သော ခွဲခြားမှု ထင်ရှားစွာမတွေ့ရ ဟု ယေဘုယျအားဖြင့်သုံးသပ်သော်လည်း၊ အမျိုးသမီးများ အနေဖြင့် လိုအပ်သောပညာအရည်အချင်း၊ အတွေ့အကြုံ နှင့် မိမိကိုယ်မိမိယုံကြည်မှုရှိရန် လိုအပ် ကြောင်းတွေ့ရသည်။ "မိသားစုအဆင့်" တွင် ကျား-မ အပေါ်အခြေခံသော အလုပ်တာဝန် ခွဲဝေမှုများ သည် အမျိုးသမီးများ အများပြည်သူ ဆိုင်ရာကဏ္ဍ များတွင်ပါဝင်ရန်၊ လက်လှမ်းမီရန်

အခွင့်အလမ်း ကို အတားအဆီးပြုနေကြောင်း တွေ့ရသည်။ အမျိုးသမီးများ နိုင်ငံရေး ခေါင်းဆောင်မှုကဏ္ဍတွင်ပါဝင်မှုအတွက် အကြီးမားဆုံး အတားအဆီးများ (ယဉ်ကျေးမှုစံနှုန်းများ နှင့် အမျိုးသမီးခေါင်းဆောင်မှုကိုမကြိုက်ခြင်း) ကို "လူမှုအဖွဲ့အစည်း အဆင့်" တွင်တွေ့ရသည်။

**ပုံ ၄.၅. အမျိုးသား၊အမျိုးသမီးများ၏နိုင်ငံရေးခေါင်းဆောင်မှုအပေါ် သဘောထားအမြင်**

**Figure 4.5: Statements Closest to Opinions about Men and Women as Political Leaders**




အမျိုးသားနှင့်အမျိုးသမီးများ၏နိုင်ငံရေးခေါင်းဆောင်မှုအပေါ် သဘောထားအမြင်ကို ပုံ ၄.၅ တွင် ဖော်ပြထားသည်။

“အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ နှစ်ဦးစလုံး နိုင်ငံရေးသမားကောင်းများ ဖြစ်သည်” (၄၇%) နှင့် “အရည်အချင်းရှိပါက အမျိုးသမီးကိုယ်စားလှယ်လောင်းကိုလည်း မဲထည့်မည်” (၄၃%) ဟုဆိုသောကြောင့် ဖြေဆိုသူအားလုံး၏ (၉၀%) သည် အရည်အချင်းရှိသော နိုင်ငံရေးသမား ဖြစ်ပါက ကျား၊မ မခွဲခြားပါ ဟူသော သဘောကိုတွေ့ရသည်။

“အမျိုးသားများသည် အမျိုးသမီးများထက် ပိုတော်သောမွေးရာပါနိုင်ငံရေးသမားများဖြစ်ကြသည်” ဟု ဖြေဆိုသူအားလုံး၏ (၆%) ကထင်မြင်ကြပြီး (၃%) သောဖြေဆိုသူများကမူ “အမျိုးသမီးများကသာပိုတော်သောနိုင်ငံရေးသမားများဖြစ်သည်” ဟူသောသဘောထားရှိကြသည်။ “အမျိုးသမီးများသည် အောင်မြင်သောနိုင်ငံရေးသမားဖြစ်နိုင်သည်ဟု မယူဆ၍မဲမထည့်နိုင်ပါ” ဟု ဖြေဆိုသူအားလုံး၏ (၁%) ကဖြေဆိုသည်။ “အမျိုးသားများသည် အမျိုးသမီးများထက် ပိုတော်သော မွေးရာပါနိုင်ငံရေးသမားများ ဖြစ်ကြသည်” ဟုဖြေဆိုသူများအနက်အမျိုးသား ဖြေဆိုသူ ရာခိုင်နှုန်း ပိုများသည်။


# အခန်း ၅: ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပေါ် ယေဘုယျအမြင်

နိုင်ငံရေးတွင် အမျိုးသမီးများခေါင်းဆောင်မှုကဏ္ဍမြှင့်တင်ခြင်းသည် ကျား-မတန်းတူညီမျှရေးကို ဦးတည်သည်။ နိုင်ငံရေးတွင်အမျိုးသမီးများပါဝင်ခြင်းနှင့် ကိုယ်စားပြုခြင်းတို့သည် ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များလည်းဖြစ်သည်။ အမျိုးသား၊အမျိုးသမီးကိုယ်စားပြုမှု အချိုးညီစွာပါဝင်သောလွှတ်တော်နိုင်ငံရေးသည် နိုင်ငံသားတို့အကြား ဒီမိုကရေစီနည်းလမ်းကျသောပါဝင်မှုကို ဖြစ်စေပြီး နိုင်ငံသားတို့နှင့်အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုကိုအားကောင်းစေသည်။ မြန်မာနိုင်ငံ၏လူဦးရေတစ်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည့်အားလျော်စွာ ၎င်းတို့ကို နိုင်ငံရေး နှင့် စီမံအုပ်ချုပ်ရေးကဏ္ဍတို့တွင် ပိုမိုလုပ်ဆောင်လာနိုင်ရန် အခွင့်အလမ်းများသေချာစေခြင်းဖြင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး နှင့် အားလုံးပါဝင်စေရေးတို့အတွက် များစွာအထောက်အကူ ဖြစ်စေပါမည်။

အခန်း (၅) တွင် အမျိုးသမီးများနိုင်ငံရေးတွင်ပိုမိုပါဝင်လာရေးကို ဦးတည်၍ ရွေးကောက်ပွဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ မီဒီယာ၏ရပ်တည်မှုအပေါ်အမြင်၊ နှင့် ပြုပြင်ပြောင်းလဲရေးအပေါ် သဘောထားများအား တင်ပြပါမည်။

## ၅.၁. ရွေးကောက်ပွဲဥပဒေ၊လုပ်ထုံးလုပ်နည်းများ နှင့် မီဒီယာအပေါ်ယေဘုယျအမြင်

**ပုံ ၅.၁. ရွေးကောက်ပွဲဥပဒေ၏တန်းတူညီမျှရှိမှုအပေါ်သဘောထား**




ပုံ ၅.၁ သည် မြန်မာနိုင်ငံ၏လက်ရှိ "ရွေးကောက်ပွဲဥပဒေတွင် ကျား-မ တန်းတူညီမျှမှုရှိခြင်း၊ မရှိခြင်း" အပေါ်လေ့လာထားပါသည်။


ဖြေဆိုသူအားလုံး၏ (၄၀%) က မြန်မာနိုင်ငံ၏လက်ရှိ ရွေးကောက်ပွဲ ဥပဒေ နှင့်ပတ်သက်၍ "မသိပါ" ဟုဖြေဆိုသည်။ အထူးသဖြင့် အမျိုးသမီးများ (အမျိုးသမီးအားလုံး၏ ၄၄%) သည် အမျိုးသားများ (အမျိုးသားအားလုံး၏ ၃၃%) ထက် ရွေးကောက်ပွဲဥပဒေနှင့်ပတ်သက်၍ စိတ်ဝင်စားမှု သို့မဟုတ် အသိအမြင် ဗဟုသုတ နည်းပါးကြောင်းတွေ့ရသည်။

"လက်ရှိရွေးကောက်ပွဲဥပဒေသည် အမျိုးသားနှင့် အမျိုးသမီးကို တန်းတူအခွင့်အရေး ပေးထားသည်" (၃၁%) ဟု ဖြေဆိုသူများအနက် အမျိုးသား (အမျိုးသားအားလုံး၏ ၃၈%) သည် အမျိုးသမီး (အမျိုးသမီးအားလုံး၏ ၂၈%) ထက်များသည်။

ဖြေဆိုသူအားလုံး၏ ၂၉% သည် "မြန်မာနိုင်ငံ၏လက်ရှိ ရွေးကောက်ပွဲဥပဒေသည် တန်းတူအခွင့်အရေးပေးမထားပါ" ဟုဖြေဆိုသည်။

### ပုံ ၅.၂. ရွေးကောက်ပွဲနှင့်ပတ်သက်၍မီဒီယာများ၏ရပ်တည်ချက်အပေါ်ယေဘုယျအမြင်


**Figure 5.2: Fairness of Media on Election Coverage**




ရွေးကောက်ပွဲနှင့်ပတ်သက်သော သတင်းများ၊ အချက်အလက်များထုတ်ပြန်ကြေငြာခြင်း၊ အသိပေးခြင်းစသော မီဒီယာများ၏ရပ်တည်ချက် အပေါ် (၄၉%) သော ဖြေဆိုသူများက "မသိပါ" ဟုဖြေဆိုသည်။ "မီဒီယာများ၏ရပ်တည်ချက်သည် ဘက်လိုက်မှုရှိသည်" (၃၂%) နှင့် "သမာသမတ်ကျသည်" (၁၉%) ဟုဖြေဆိုသည်။

ပုံ ၅.၃. အမျိုးသမီးကိုယ်စားလှယ်လောင်းအမည်တင်သွင်းခြင်းလုပ်ထုံးလုပ်နည်းများအပေါ်အမြင်

**Figure 5.3: Difficulties in Nomination Process for Women Candidates**




ရွေးကောက်ပွဲဥပဒေနှင့်ပတ်သက်၍ အသိအမြင်၊စိတ်ဝင်စားမှုနည်းပါးသည်ဟုတွေ့ရှိရသည့် နည်းတူ "ရွေးကောက်ပွဲဆိုင်ရာအမည်တင်သွင်းခြင်း နှင့် လုပ်ထုံးလုပ်နည်းများသည် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် အမျိုးသားများနှင့်နှိုင်းယှဉ်လျှင်ခက်ခဲမှု ရှိ/မရှိ" အပေါ် "မသိပါ" (၄၅%) ဟု ဖြေဆိုသူအများဆုံးဖြစ်သည်။ "မသိပါ" ဟုဖြေဆိုသူများအနက် အမျိုးသမီးဖြေဆိုသူ (အမျိုးသမီး အားလုံး၏၅၀%) သည် အမျိုးသားဖြေဆိုသူ (အမျိုးသား အားလုံး၏၃၄%) ထက် များသည်။

"ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် ခက်ခဲမှုရှိသည်" (၂၈%) နှင့် "ခက်ခဲမှုမရှိပါ" (၂၇%) ဟုအသီးသီးဖြေဆိုသည်။

## ၅.၂. အမျိုးသမီးကိုယ်စားလှယ်လောင်း၏ဥပဒေဆိုင်ရာအခက်အခဲများ

"ရွေးကောက်ပွဲတွင် အမည်တင်သွင်းခြင်း နှင့် လုပ်ထုံးလုပ်နည်းများသည် အမျိုးသမီးများအတွက် ခက်ခဲမှုရှိသည်" ဟုဖြေဆိုကြသော်လည်း၊ အခက်အခဲများကိုဖော်ပြရာတွင် လုပ်ထုံးလုပ်နည်း၊ ဥပဒေဆိုင်ရာဖော်ပြမှုနည်းပါးသည်။


၎င်းတို့ဖြေဆိုသည့် အခက်အခဲအများစုသည် (က) ယဉ်ကျေးမှုနှင့် လူမှုအဖွဲ့အစည်း၏ အမျိုးသမီးများနိုင်ငံရေးတွင်ပါဝင်မှုအပေါ် သဘောထား အမြင်များ၊ (ခ) အမျိုးသမီးများအိမ်မှုကိစ္စ နှင့်မိသားစုတာဝန်ဖိစီးမှုများ၊ (ဂ) အမျိုးသမီးခေါင်းဆောင်မှုအပေါ်ကြိုက်နှစ်သက်မှု၊ ယုံကြည်မှု မရှိခြင်း နှင့် (ဃ) နိုင်ငံရေးတွင် အမျိုးသမီးများမိမိကိုယ်မိမိယုံကြည်မှု နည်းပါးခြင်း တို့ ဖြစ်သည်။

လုပ်ထုံးလုပ်နည်း၊ ဥပဒေ နှင့်ပတ်သက်၍ (က) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အပိုဒ် ၄၃၆၊ ၅၉ (စ)၊ ၅၉ (ဃ) ပြင်ဆင်ရန်လိုအပ်ခြင်း၊ နှင့် (ခ) ပါတီ၏ လက်ရှိ မူဝါဒနှင့် ပေါ်လစီများတွင် အမျိုးသမီးနိုင်ငံရေးတွင် ကိုယ်စားပြုပါဝင်စေမှုကိုသေချာစေသော အထူးပြုလုပ်ဆောင်ချက်များ ထည့်သွင်းထားမှုမရှိခြင်းတို့အပေါ် ထောက်ပြဖြေဆိုကြသည်။

## ၅.၃. လက်ရှိရွေးကောက်ပွဲဥပဒေနှင့်ကျင့်သုံးနေမှုများအပေါ် ယေဘုယျအမြင်


**ပုံ ၅.၄. လက်ရှိဥပဒေ၊ကျင့်သုံးမှုများကို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းအပေါ် အမြင်**

**Figure 5.4: Reforme or Change to Current Law & Practices**




ရွေးကောက်ပွဲဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကိုသိသူနည်းပါးစေကာမူ လွှတ်တော်တွင်အမျိုးသမီးကိုယ်စားလှယ်ဦးရေတိုးလာစေရန် လက်ရှိဥပဒေနှင့်ကျင့်သုံးမှုများကို "ပြုပြင်ရန်လိုအပ်သည်" (၆၄%)၊ "ပြုပြင်ရန်မလိုအပ်ပါ" (၆%) နှင့် "မသိပါ" (၃၀%) ဟုဖြေဆိုသည့်အတွက် ဖြေဆိုသူအများစုသည် ပြုပြင်ပြောင်းလဲမှုကိုလိုလားကြောင်းတွေ့ရသည်။

ပုံ ၅.၅. လက်ရှိဥပဒေ၊ကျင့်သုံးမှုများကိုပြုပြင်ခြင်း၊ပြောင်းလဲခြင်းအပေါ်အမြင် (ကျား၊မ)





ပုံ ၅.၅ သည် "လက်ရှိရွေးကောက်ပွဲဥပဒေနှင့်ကျင့်သုံးမှုများကိုပြုပြင်ရန်၊ ပြောင်းလဲရန် လိုအပ်သည်" ဟူသော သဘောထားအပေါ် ကျား မ ခွဲခြားဖော်ပြထားသည်။

ဖြေဆိုသူ အမျိုးသား (အမျိုးသားအားလုံး၏ ၆၅%) နှင့် အမျိုးသမီး (အမျိုးသမီးအားလုံး၏ ၆၄%) က "ပြောင်းလဲရန်လိုအပ်သည်" ဟုဖြေဆိုပြီး၊ "ပြုပြင်ပြောင်းလဲရန်မလိုအပ်ပါ" ဟု ဖြေဆိုသူများတွင် အမျိုးသား (အမျိုးသားအားလုံး၏ ၉%) ကပိုများသည်။ "မသိပါ" ဟု ဖြေဆိုသူများအနက် အမျိုးသမီး (အမျိုးသမီးအားလုံး၏ ၃၁%) က အမျိုးသား (အမျိုးသား အားလုံး၏၂၇%) ထက် ပိုများသည်။

## ပုံ ၅.၆. အမျိုးသမီးနိုင်ငံရေးတွင်ကိုယ်စားပြုမှုတိုးတက်လာရန်အကြံပြုချက်များ

**Figure 5.6: Most Appropriate to Reform or Change**




ဤသုတေသနစစ်တမ်းအရ အမျိုးသမီးများနိုင်ငံရေးတွင်ကိုယ်စားပြုပါဝင်မှုပိုမိုများပြားလာရန် အဓိကကျသော ပြုပြင်ပြောင်းလဲမှုအတွက် "အမျိုးသမီးများယခုထက် နိုင်ငံရေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာ အသိအမြင်များ ပိုကျယ်ရန်လိုသည်" (၄၁%)၊ "လွှတ်တော်တွင် အမျိုးသမီးများအတွက် သီးသန့် ဖယ်ထားသောရာခိုင်နှုန်းတစ်ခုထားပေးရန်လိုသည်" (၂၆%)၊ "အမျိုးသမီးများ ရပ်ရေး၊ ရွာရေး ဆိုင်ရာ ခေါင်းဆောင်မှု နှင့် အုပ်ချုပ်မှု လက်တွေ့အတွေ့အကြုံများရှိရန်လိုသည်" (၁၅%)၊ "ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်လုပ်ထုံးလုပ်နည်းများသည် ယခုထက်ပိုမိုရှင်းလင်းလွယ်ကူမှုရှိရန် လိုအပ်သည်" (၁၀%)၊ နှင့် "နိုင်ငံရေးပါတီများအနေဖြင့် အချိုးကျ ကိုယ်စားပြုစနစ် (ကိုတာ) ကျင့်သုံးရန်လိုသည်" (၇%) ဟု ဖြေဆိုသည်။

# အခန်း ၆: အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ

ဤသုတေသနစစ်တမ်း၏ အဓိကတွေ့ရှိချက်များအား (၁) မဲပေးသူ ၏ရွေးချယ်မှု၊ (၂) မဲပေးသည့် အလေ့အထ၊ (၃) အမျိုးသမီးများနိုင်ငံရေးနယ်ပယ်တွင်ခေါင်းဆောင်မှုအပေါ်အမြင် နှင့် အတားအဆီးများ၊ နှင့် (၄) ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်အပေါ်ယေဘုယျအမြင်ဟူ၍ တင်ပြမည်ဖြစ်ပြီး၊ ယင်းတွေ့ရှိချက်များအပေါ်အခြေခံ၍ အမျိုးသမီးများ နိုင်ငံရေးကဏ္ဍတွင် ပိုမိုပါဝင်လာစေရေး နှင့် ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီး၊ အမျိုးသားမဲဆန္ဒရှင်များ တက်ကြွစွာ ပါဝင်လာစေရေး အတွက် လိုအပ်သောတုန့်ပြန်ဆောင်ရွက်မှုများကို အကြံပြုထားသည်။

## ၆.၁. မဲပေးသူ၏ရွေးချယ်မှု

၁။ ဖြေဆိုသူအများစုသည် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို "သတင်းစာ၊ ဂျာနယ် နှင့် အခြားမီဒီယာများ" မှရရှိသည်။

၂။ အခြားသတင်းအရင်းအမြစ်များဖြစ်သော "ရွေးကောက်ပွဲကော်မရှင်"၊ "မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်း"၊ "နိုင်ငံရေး ပါတီ များ"၊ "ပါတီမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများ"၊ "သူငယ်ချင်းနှင့်မိသားစုဆွေမျိုးများ"၊ နှင့် "အစိုးရဝန်ထမ်းများ" မှ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ရရှိမှု လွန်စွာနည်းပါးသည်။

၃။ ရွေးကောက်ပွဲဆိုင်ရာမဲဆွယ်စည်းရုံးခြင်းနည်းလမ်းများတွင် "လူထုလှုံ့ဆော် စည်းရုံးခြင်း" သည် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးများမှအပ ကျန်ဒေသများတွင် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။

၄။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် "တီဗွီ၊ ရေဒီယိုမှ စည်းရုံးခြင်း" သည် အထိရောက်ဆုံးဖြစ်ပြီး၊ ပဲခူးတိုင်းဒေသကြီးတွင် "တစ်အိမ်တက်ဆင်း စည်းရုံးခြင်း"၊ နှင့် မွန်ပြည်နယ်တွင် "ပိုစတာ၊ လက်ကမ်းစာစောင်များဝေခြင်း" သည် အထိရောက် ဆုံး ဖြစ်သည်။

၅။ ဖြေဆိုသူအများစုက နိုင်ငံရေးပါတီတစ်ခုအား "ပါတီ၏ မူဝါဒ၊ ပေါ်လစီ၊ နှင့် ရည်ရွယ်ချက်" အပေါ်အခြေခံ၍ ရွေးချယ်သည်။

၆။ "မိမိလူမျိုးပါတီဖြစ်မှုအားအခြေခံ၍ရွေးချယ်မည်" ဟုဖြေဆိုသူအများစုသည် မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်မှဖြစ်သည်။

၇။ ကိုယ်စားလှယ်လောင်းကိုရွေးချယ်ရာတွင် "ကိုယ်စားလှယ်လောင်း၏ ပညာအရည်အချင်းနှင့် ခေါင်းဆောင်မှု နှင့် ကိုယ်ရည်ကိုယ်သွေး" ကို အဓိကထားဆုံးဖြတ်မည်။

၈။ ကိုယ်စားလှယ်လောင်းကိုရွေးချယ်ရာတွင် "မိသားစု၊ သူငယ်ချင်းများက အကြံပေး တိုက်တွန်းသော ကိုယ်စားလှယ်လောင်းကို ရွေးချယ်မည်" ဟု ဖြေဆိုသူများ နှင့် "မသိပါ" ဟုဖြေဆိုသူများတွင် အမျိုးသမီး ပါဝင်နှုန်း ပိုများသည်။

**အကြံပြုချက်များ**

**စိတ်ယုံကြည်သော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ရရှိနိုင်သည့် သတင်းအရင်းအမြစ်များမလုံလောက်ခြင်း၊ လက်လှမ်းမီမှုအားနည်းခြင်း။**

၁။ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများ၊ သတင်းအချက်အလက်များကို ပြည်သူများ သိရှိနားလည်စေရန် မဲဆန္ဒရှင် အသိပညာပေး သင်တန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် တိုးမြှင့် လုပ်ဆောင်ရန်။ (အထူးသဖြင့် ရွေးကောက်ပွဲတွင်ပါဝင်ရန် စိတ်ဝင်စားမှုနှင့် စိတ်အားထက်သန်မှု နည်းပါးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သီးသန့် အစီအစဉ်များ ချမှတ်လုပ်ဆောင်ရန်)

၂။ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ သတင်း အချက်အလက်များ ကို မှန်ကန်တိကျစွာ အချိန်နှင့်တစ်ပြေးညီရရှိနိုင်စေရန်အတွက် သတင်းစာ၊ ဂျာနယ်၊ နှင့် အခြား မီဒီယာမှတစ်ဆင့် မဲဆန္ဒရှင်အသိပညာပေးသင်တန်းများ၊ လူထုစကားဝိုင်းများ၊ စသည့် အစီအစဉ်များကို မီဒီယာများနှင့်ပူးပေါင်းလုပ်ဆောင်ရန်။

၃။ ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များကိုမီဒီယာများမှအများဆုံးသိရှိရသဖြင့်မီဒီယာသမားများအနေဖြင့်တိကျမှန်ကန်သောရွေးကောက်ပွဲဆိုင်ရာသတင်းများ ရေးသားတင်ပြနိုင်ရန်အတွက် မီဒီယာသမားများကိုဦးတည်သော ရွေးကောက်ပွဲဆိုင် ရာ အသိပညာပေးမှုများ၊ သင်တန်းများလုပ်ဆောင်ရန်။

၄။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်သည့်အသက်အရွယ်ရှိသူများ အားလုံးတက်ကြွစွာပါဝင်နိုင်စေရေးအတွက် "လူထုလူတန်းစားအသီးသီး၏အသံကို အခြေခံသော၊ လူတိုင်းလွယ်ကူစွာနားလည်နိုင်သည့် ဆောင်ပုဒ်များ၊ တိုက်တွန်းချက် များ၊ အကြံပြုချက်များ" ကို ဖော်ထုတ်ပြုစုရန် နှင့် လူထုကိုအချိန်မှီ ထိရောက်စွာ အသိပေးရန်။

၅။ အမျိုးသမီးများ၊ လူငယ်များ၊ ကျောင်းသူ/သားများ နိုင်ငံရေး နှင့် ရွေးကောက်ပွဲ ကိုယခုထက်ပို၍စိတ်ပါဝင်စားလာစေရန် နှင့် ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ အမျိုးသမီးများ၊ လူငယ်များ၊ နှင့် တက္ကသိုလ်ကျောင်းသား/သူများကို အဓိက ဦးတည်သော ရေတိုအစီအစဉ်များ၊ ရေရှည်စီမံကိန်းများချမှတ်လုပ်ဆောင်ရန်။

## ၆.၂. မဲပေးသည့်အလေ့အထ

၉။ ဖြေဆိုသူများသည် "နိုင်ငံသားတစ်ဦးအနေဖြင့် တာဝန်ရှိ၍မဲပေးခြင်း" နှင့် "တာဝန်သိနိုင်ငံ ခေါင်းဆောင်ကိုရွေးချယ်ရန် မဲပေးခြင်း" ဟူသော ရည် ရွယ်ချက်ဖြင့် မဲပေး ကြသည်။

၁၀။ "မိသားစုနှင့် သူငယ်ချင်းများတိုက်တွန်းသောကြောင့်မဲပေးခြင်း" ကို အမျိုးသမီးများ တွင် ပိုမိုတွေ့ရသည်။

၁၁။ ဖြေဆိုသူအမျိုးသားများမဲမပေးခြင်း၏အဓိကအကြောင်းရင်းများမှာ (က) "မဲစာရင်း တွင် အမည်မပါ၍မဲမပေးခြင်း"၊ (ခ) "အိမ်ကတစ်ယောက်မျှမဲမပေး၍ သို့မဟုတ် မသိ၍ မဲမပေးခြင်း" ၊ နှင့် (ဂ) "ရွေးကောက်ပွဲ (ပါတီ၊ ကိုယ်စာလှယ်လောင်း) ကိုမယုံ ကြည်၍မဲမပေးခြင်း" တို့ဖြစ်သည်။

၁၂။ ဖြေဆိုသူအမျိုးသမီးများ မဲမပေးခြင်း၏ အဓိကအကြောင်းရင်းများမှာ (က) "အိမ်မှ တစ် ယောက်မျှမဲမပေး၍ သို့မဟုတ် မသိ၍ မဲမပေးခြင်း" ၊ (ခ) "မဲစာရင်းတွင် အမည်မပါ၍ မဲမပေးခြင်း"၊ နှင့် (ဂ) "အိမ်ထောင်ဦးစီးမဲပေးလျှင် ၄င်းကိုယ်တိုင် မဲပေးရန် မလိုအပ်ဟု ထင်သည့် အတွက် မဲမပေးခြင်း" တို့ဖြစ်သည်။

၁၃။ ဖြေဆိုသူများက "အမျိုးသမီး ကိုယ်စားလှယ်လောင်းကိုမဲပေးမည်" နှင့် "ကိုယ်စား လှယ်လောင်းသည် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မဲပေးမည်" ဟု ဖြေဆိုသည်။ "အမျိုးသမီးကိုယ်စားလှယ်လောင်းကိုမဲမပေးပါ" ဟု ဖြေဆိုသူ အနည်းငယ် တွင် အမျိုး သမီးရာခိုင်နှုန်းသည် အမျိုးသားရာခိုင်နှုန်းထက်များသည်။

၁၄။ ၁၉၉၀ နှင့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်သည့် အသက်အ ရွယ်ရှိ ဖြေဆိုသူများ၏ ရွေးကောက်ပွဲတွင်ပါဝင်မှုကို နှိုင်းယှဉ်လေ့လာပါက၊ အမျိုးသားများ ၏ရွေးကောက်ပွဲတွင်ပါဝင်မှုသည် ၁၉၉၀ ခုနှစ်ထက် ကျဆင်းလာသည်ကိုတွေ့ရပြီး၊ အမျိုး သမီးများ၏ရွေးကောက်ပွဲတွင်ပါဝင်မှုသည် ၁၉၉၀ ခုနှစ်ထက် အနည်းငယ် မြင့်မားလာ သည်။

၁၅။ ၁၉၉၀ နှင့် ၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ပါဝင်ခဲ့မှု နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်မဲပေးရန်ဆုံးဖြတ်ထားမှုတို့ကို နှိုင်းယှဉ်လေ့လာပါက၊ လူထု ၏ရွေးကောက်ပွဲတွင်ပါဝင်ရန် စိတ်အားထက်သန်မှုသည် ၁၉၉၀ခုနှစ်နှင့် နှိုင်းစာလျှင် လျော့နည်းလာကြောင်း ယေဘုယျသုံးသပ်သည်။

၁၆။ ၁၉၉၀၊ ၂၀၀၈ နှင့် ၂၀၁၀ ခုနှစ်များတွင်ကျင်းပခဲ့သောရွေးကောက်ပွဲများ နှင့် ဆန္ဒခံယူပွဲ တွင် မဲပေးနိုင်သည့်အသက်အရွယ်ရှိဖြေဆိုသူများအနက် ရွေးကောက်ပွဲတွင်ပါဝင်ခဲ့မှုကို "မသိပါ၊ မမှတ်မိပါ" ဟု ဖြေဆိုသူများတွင် အမျိုးသမီးဖြေဆိုမှုနှုန်းပိုများသည်။

၁၇။ ၁၉၉၀၊ ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်များတွင်ကျင်းပခဲ့သောရွေးကောက်ပွဲ နှင့် ဆန္ဒခံယူပွဲများတွင် မဲပေးနိုင်သည့်အသက်အရွယ်ရှိ ဖြေဆိုသူအားလုံး၏ ပါဝင်မှုများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများကြား နှိုင်းယှဉ် လေ့လာပါက ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် မဲဆန္ဒပေးမှုနှုန်း အနိမ့်ဆုံးဒေသများဖြစ်ခဲ့သည်။ ထို့အတူ ကယားပြည်နယ်၊ မွန် ပြည်နယ်၊ ကရင်ပြည်နယ် တို့သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် "မည်သည့် ပါတီကို မဲပေးရန် မသေချာသေးပါ" ဟု ဖြေဆိုသည့်နှုန်း အမြင့်ဆုံးဒေသများဖြစ်သည်။

၁၈။ ၁၉၉၀၊ ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်အားလုံးတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် "မသိပါ၊ မမှတ်မိပါ" ဟုဖြေဆိုမှု အစဉ်တစိုက် အမြင့်ဆုံးဒေသဖြစ်သည်။ ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးသည် ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်မည်သည့်ပါတီကိုမဲပေးရန်ဆုံးဖြတ်ထားမှုအပေါ် "မသိပါ" ဟုဖြေဆိုနှုန်းအမြင့်ဆုံးဒေသများတွင်ပါဝင်သည်။

၁၉။ ဖြေဆိုသူများ၏ထက်ဝက်ကျော်က ၂၀၁၅ ခုနှစ် အထွေ ထွေရွေးကောက်ပွဲ တွင် ၄င်းတို့မည်သည့် ပါတီအားမဲပေးမည်ကို "အလွန်သေချာစွာ သို့မဟုတ် သေချာစွာ ဆုံးဖြတ်ချက်ချထားကြသည်"။

၂၀။ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် မည်သည့်ပါတီကိုမဲပေးရန် "မသေချာပါ" နှင့် "မသိပါ" ဟုဖြေဆိုသည့် အုပ်စုနှစ်စုလုံးတွင် အမျိုးသမီးရာခိုင်နှုန်းပိုများသည်။ အလုပ်အကိုင်အမျိုးအစားအလိုက်လေ့လာမှုအရ ကျောင်းသူ၊ ကျောင်းသား အုပ်စု သည် "မည်သည့်ပါတီကို မဲပေးရန် မသေချာပါ" ဟုဖြေဆိုသည့်နှုန်းအမြင့်ဆုံးဖြစ်ပြီး၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်း အုပ်စုနှစ်စုသည် "မသိပါ" ဟုဖြေဆိုသည့်နှုန်း အမြင့်ဆုံးဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နှိုင်းယှဉ်မှု အရ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် နှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့သည် "မသိပါ" ဟုဖြေဆိုနှုန်း အမြင့်ဆုံးဒေသများဖြစ်သည်။

၂၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်မည်သို့ပါဝင်ကြမည်နှင့်ပတ်သက်၍ ဖြေဆိုသူ (အမျိုးသား၊ အမျိုးသမီး) အများစုသည် "မဲဆန္ဒရှင်" အနေဖြင့်သာပါဝင်မည် ဖြစ်ပြီး၊ နိုင်ငံရေးပါတီဝင်အနေဖြင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်လောင်းအနေဖြင့် သော်လည်းကောင်း ပါဝင်မှုနည်းပါးသည်။

၂၂။ အမျိုးသမီးများသည် အမျိုးသားများထက် ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များကို လက်လှမ်းမီမှု နှင့် စိတ်ဝင်စားမှုအားနည်းသည်။

**အ□ကံျပ□ခ်က္မ်ား**

**အမ်ိဳ□းသမီးမ်ား မဲေပးနိုင္သည့္အခြင့္အေရး ႏွင့္ ေရြးေကာက္ပြဲဆိုင္ရာဆံုးျဖတ္ခ်က္မ်ားတြင္ ကိုယ္တိုင္သို႔မဟုတ္ ပါဝင္ဆံုးျဖတ္နိုင္ျခင္းအားနည္းျခင္း။ ေက်ာင္းသူ/သားလူငယ္မ်ား ေရြးေကာက္ ပြဲ ႏွင့္ နိုင္ငံေရး တြင္စိတ္ဝင္စားမ□ ႏွင့္ စိတ္အားထက္သန္□ အားနည္းျခင္း။**

၆။ အမ်ိဳ□းသမီး ႏွင့္ လူငယ္မ်ားေရြးေကာက္ပြဲ ႏွင့္ နိုင္ငံေရးတြင္ပိုမိုပါဝင္လာေစရန္ ရည္ရြယ္၍ နိုင္ငံသားမ်ားအေနျဖင့္ ေရြးေကာက္ပြဲတြင္ မဲေပးသူ၊ ကိုယ္စားလွယ္ေလာင္း၊ နိုင္ငံေရးပါတီဝင္ ဟူေသာ မတူညီေသာအခန္းက□အသီးသီးမွပါဝင္နိုင္ပံု၊ ပါဝင္ေနပံု ႏွင့္ အေရးပါပံု၊ ေရြးေကာက္ပြဲ ဥပေဒ ႏွင့္ လုပ္ထံုးလုပ္နည္းမ်ားဆိုင္ရာအသိပညာေပးမ□မ်ား လုပ္ေဆာင္ရန္။

၇။ ေရြးေကာက္ပြဲကိုမယံု□ကည္၍မပါဝင္ျခင္း သို□မဟုတ္ မဲမေပးျခင္း၏ အက်ိဳ□းဆက္မ်ားကို ျပည္သူမ်ားသိျမင္သေဘာေပါက္လာေစျခင္းျဖင့္ ဒီမိုကေရစီနိုင္ငံတည္ေထာင္မ□တြင္ နိုင္ငံသား တစ္ဦးစီ၏ မဲေပးနိုင္သည့္ အခြင့္အေရးကို ထိေရာက္စြာ အသံုးခ်ရန္ အေရး□ကီး□ကာင္း အသိပညာေပးရန္။

၈။ အမ်ိဳ□းသမီးမ်ားမဲမေပးရျခင္းတြင္ “မသိ၍မဲမေပးျခင္း” ႏွင့္ “အိမ္ေထာင္ဦးစီးေပးလွ်င္ႏွင္း ကိုယ္တိုင္ေပးရန္မလိုအပ္ဟုထင္ျခင္း”တို□□သည္အဓိကအေ□ကာင္းရင္းမ်ားျဖစ္၍၊ အမ်ိဳ□းသမီးမ်ား အား ေရြးေကာက္ပြဲဆိုင္ရာသတင္းအခ်က္အလက္မ်ားေပး□ိုင္ရန္၊ မဲေပးျခင္း အခြင့္အေရးကို နားလည္ၿပီး ၂၀၁၅ ေရြးေကာက္ပြဲတြင္ ပါဝင္မ□သေခ်ာေစရန္ အထူးျပ□ အစီအစဥ္မ်ား ျပ□လုပ္ ေဆာင္ရြက္ရန္ျခင္းျဖင့္ ေရြးေကာက္ပြဲဆိုင္ရာဆံုးျဖတ္ခ်က္မ်ားတြင္ အမ်ိဳ□းသမီးကိုယ္တိုင္ သို႔မဟုတ္ ပါဝင္ ဆံုးျဖတ္နိုင္စြမ္းတိုးျမင့္ရန္။

၉။ ျပည္နယ္ ႏွင့္တိုင္းေဒသ□ကီးမ်ားတြင္ “မသိပါ၊ မမွတ္မိပါ” ဟုေျဖဆို□□န္းျမင့္မားေသာ ေဒသမ်ား ကိုအထူးျပ□အစီအစဥ္မ်ားခ်မွတ္ၿပီး အသိပညာေပးမ□မ်ားအား လူထုအေျချပ□အဖြဲ□အစည္းမ်ား၊ ရပ္ရြာအေျချပ□အသင္းအဖြဲ□ မ်ား၊ ရပ္/ေက်းေက်ာ့ရွင္အဖြဲ□ခြဲမ်ား၊ သက္ဆိုင္ရာေဒသရွိ သတင္း မီဒီယာမ်ား ႏွင့္ ခ်ိတ္ဆက္လုပ္ေဆာင္ရန္။

၁၀။ ၁၉၉၀ခုႏွစ္ ႏွင့္ □□ိင္းစာလွ်င္ ၂၀၁၀ခုႏွစ္ အေထြေထြေရြးေကာက္ပြဲ တြင္လူထုပါဝင္မ□နိမ့္က် လာျခင္း၊ ၂၀၁၅ခုႏွစ္ေရြးေကာက္ပြဲတြင္ပါဝင္ရန္ စိတ္ဝင္စားမ□နည္းေနျခင္းတို□ကို ထိေရာက္စြာ တုန္□□ျပန္ေဆာင္ရြက္□ိုင္ရန္ေရတိုေရရွည္အစီအစဥ္မ်ားခ်မွတ္ေဆာင္ ရြက္ရန္။

၁၁။ ေခတ္အဆက္ဆက္ □ိုင္ငံေရးတြင္ပါဝင္ပတ္သက္မ□မ်ားကို ဖိ□ွပ္ခံထားရမႈမ်ားမ□မ်ား၏ အက်ိဳ□းဆက္မ်ား□ကာင့္ □ိုင္ငံေရးတြင္ပါဝင္ပတ္သက္ျခင္းသည္ အ□□ရာယ္ရွိသည္ ဟူေသာ အျမင္မ်ားကို အထူးသျဖင့္ အမ်ိဳ□းသမီးမ်ား၊ လူငယ္မ်ား ႏွင့္ ပညာတတ္မ်ား အ□ကား ေလ်ာ့က်ေစေရး အသိပညာေပး ေဆာင္ရြက္ရန္။

၁၂။ ရွမ္းျပည္နယ္ ႏွင့္ကခ်င္ျပည္နယ္သည္ ၂၀၁၅ ခုႏွစ္အေထြေထြေရြးေကာက္ပြဲတြင္ပါဝင္ရန္ စိတ္အားထက္သန္မ□ အနည္းဆံုးေဒသမ်ားအျဖစ္ေတြ□ရသည့္အတြက္ လိုအပ္ေသာ သုေတသန မ်ားဆက္လက္လုပ္ေဆာင္ရန္။

## ၆.၃. အမျိုးသမီးများနိုင်ငံရေးတွင်ခေါင်းဆောင်မှုအပေါ်အမြင်နှင့်အတားအဆီးများ

၂၃။ ဖြေဆိုသူများ၏ ထက်ဝက်ခန့်က "အမျိုး သားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ရွေးချယ်မည်" ဟုဖြေဆိုပြီး၊ ကျန်အများစုက "အမျိုးသမီး ဖြစ်လည်း မဲပေးပါမည်" ဟု ဖြေဆိုသည်။

၂၄။ "အမျိုးသမီးကိုယ်စားလှယ်လောင်းကိုမဲမပေးပါ" ဟုဖြေဆိုသူများနည်းပါးသောကြောင့် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်မှုကို ငြင်းဆန်သော၊ မယုံကြည်သောသဘောရှိသူနည်း ပါးသည် ဟုဆိုနိုင်သော်လည်း၊ ယင်းကဲ့သို့ဖြေဆိုကြသူများတွင် အမျိုးသမီး ရာခိုင်နှုန်း ပိုများသည်။

၂၅။ "မဲပေးရန် မသေချာပါ" ဟုဖြေဆိုသူများအနက် အမျိုးသမီးရာခိုင်နှုန်းသည် အမျိုးသား ထက် ပိုများသည်။

၂၆။ ဖြေဆိုသူအများစုသည် "ခေါင်းဆောင်မှု စွမ်းရည် ရှိသော" ၊ "ပညာတတ်သော" အမျိုးသမီးကိုယ်စားလှယ်လောင်းကို မဲပေးလိုကြောင်းတွေ့ရှိရသည်။

၂၇။ အမျိုးသမီးများ ကိုယ်စားလှယ်လောင်းဖြစ်ရန် မြန်မာ့လူ့အဖွဲ့အစည်းတွင်ရှိနေသည့် အဓိကအတားအဆီးများမှာ "ယဉ်ကျေးမှု နှင့် လူမှုအသိုင်းအဝိုင်း ၏ အမျိုးသမီးများ အပေါ် အမြင်များ"၊ "အမျိုးသမီးခေါင်းဆောင်မှုကို မကြိုက်ခြင်း"၊ "အမျိုးသမီးများ အိမ်မှု ကိစ္စ နှင့် ကလေးကိစ္စများကြောင့် မအားလပ်ခြင်း" နှင့် "အမျိုးသမီးများကိုယ်တိုင်က နိုင်ငံရေးကို စိတ်မဝင်စားခြင်း နှင့် ကိုယ့်ကိုယ်ကိုယုံကြည်မှု မရှိခြင်း" တို့ဖြစ်သည်။

၂၈။ ဖြေဆိုသူအများစုသည် "အမျိုးသားရော အမျိုးသမီးပါ နိုင်ငံရေးသမားကောင်းများ ဖြစ်သည်" ၊ "အရည်အချင်းရှိပါက အမျိုးသမီးကိုယ်စားလှယ်လောင်းကိုလည်း မဲထည့် မည်" ဟုဆိုသည်။

**အ□ကံျပ□ခ်က္မ်ား**

**အမ်ိဳ□းသမီးမ်ားနိုင္ငံေရးတြင□ ပါ၀င္မ□ႏွင္□ေခါင□းေဆာင္မ□အခန□းက□ကို အမ်ိဳ□းသမီးမ်ားကိုယ္တိုင□ ယံု□ကည္မွဳပိုးရွန္ရိုအပ□ျခင□း**

၁၃။ အမ်ိဳ□းသမီးမ်ား နိုင္ငံေရးေခါင□းေဆာင္မ□က□တြင္ပိုမိုပါ၀င္လာေစရန□ ျမန္မာ့လူမ□အဖြဲ□ အစည□းရွိ ယဥ□ေက်းမ□ွင□ လူမ□ေရးဆိုင္ရာ အတားအဆီးမ်ားကိုေလ်ာ့က်ေစရန□ က်ား-မ တန□းတူညီမွ်ေရးဆိုင္ရာအသိပညာေပးသင္တန□းမ်ား၊ အျမင္ဖြင္□သင္တန□းမ်ားျပ□လုပ္ရန□၊

၁၄။ က□အသီးသီး နယ္ပယ□အသီးသီးမွေအာင□ျမင□ေနေသာ အမ်ိဳ□းသမီးမ်ား၊ အမ်ိဳ□း သမီး ေခါင□းေဆာင္မ်ား၊ အမ်ိဳ□းသမီးလ□တ□ေတာ္ကိုယ္စားလွယ္မ်ား၊ အမ်ိဳ□းသမီး ကိုယ္စား လွယ□ေလာင□း မ်ားအားစံနမူနာထားျခင□း၊ အမ်ိဳ□းသမီးထုမ်ား□ွင□ ေတြ□႔□ဆံုေစျခင□းျဖင□ ၾကန□ ယက္မ်ား တည□ေထာင□ ေပးျခင□း၊ ခ်ိတ္ဆက□ေဆာင္ရြက□ေစျခင□းျဖင□ အမ်ိဳ□းသမီးမ်ား □ိုင္ငံေရးနယ္ပယ္တြင္ပါ၀င္မ□ကို ပိုမိုစိတ□၀င္စားလာေရးေဆာင္ရြက္ရန□၊

## ၆.၄. ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအပေါ် ယေဘုယျအမြင်

၂၉။ လက်ရှိရွေးကောက်ပွဲ ဥပဒေတွင် ကျား၊မ တန်းတူညီမျှမှုရှိခြင်း၊ မရှိခြင်း နှင့်ပတ်သက်၍ ဖြေဆိုသူများများအနက် "မသိပါ" ဟုဖြေဆိုသူရာခိုင်နှုန်း အများဆုံးဖြစ်ပြီး၊ ယင်းတွင် အမျိုးသမီးဖြေဆိုသူရာခိုင်နှုန်းပိုမြင့်မားသည်။

၃၀။ "ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်လုပ်ထုံးလုပ်နည်းများသည် အမျိုးသမီးကိုယ်စားလှယ်လောင်းအတွက် ခက်ခဲမှု ရှိ-မရှိ" တွင် "မသိပါ" ဟုဖြေဆိုသူများသည် အများ စုဖြစ်ပြီး၊ ယင်းတွင် အမျိုးသမီးဖြေဆိုသူရာခိုင်နှုန်းပိုမြင့်မားသည်။

၃၁။ "ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် အမျိုးသမီးကိုယ်စားလှယ်လောင်းများ အတွက် ခက်ခဲမှု ရှိသည်" ဟုဖြေဆိုသူများသည် လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအခက်အခဲများအဖြစ် က) ယဉ်ကျေးမှုနှင့်လူမှုအဖွဲ့အစည်း၏ အမျိုးသမီးများ နိုင်ငံရေးခေါင်းဆောင်မှုပေါ်သဘောထားအမြင်၊ ခ) အိမ်မှုကိစ္စနှင့်မိသားစုတာဝန်များ၊ ဂ) အမျိုးသမီးခေါင်းဆောင်မှုအပေါ်ယုံကြည်မှုမရှိခြင်းတို့ကိုဖြေဆိုကြပြီး၊ မူဝါဒအခက်အခဲများအဖြစ် က) နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၏အားနည်းချက်နှင့် ခ) အမျိုးသမီးများကိုယ်စားပြုမှုအတွက် ပါတီတွင်းမူဝါဒမရှိခြင်းတို့ကိုဖြေဆိုကြသည်။

၃၂။ "လက်ရှိရွေးကောက်ပွဲဥပဒေနှင့်ကျင့်သုံးမှုများကိုပြုပြင်ရန်၊ ပြောင်းလဲရန် လို/မလို" ဟူသောသဘောထားနှင့်ပတ်သက်၍ ဖြေဆိုသူထက်ဝက် ကျော်က ပြောင်းလဲရန် လိုအပ်သည် ဟုဖြေဆိုသည်။ "မသိပါ" ဟုဖြေဆိုသူများတွင် အမျိုးသမီးရာခိုင်နှုန်း ပိုများသည်။

၃၃။ အမျိုးသမီးများနိုင်ငံရေးတွင်ကိုယ်စားပြုပါဝင်မှုပိုမိုများပြားလာရန် အဓိကကျသော ပြုပြင်ပြောင်းလဲမှုများအတွက် ဖြေဆိုသူများက (က) "အမျိုးသမီးများယခုထက် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအသိအမြင်များ ပိုကျယ်ရန်လိုသည်"၊ (ခ) "လွှတ်တော်တွင် အမျိုးသမီးများအတွက်သီးသန့်ဖယ်ထားသော ရာခိုင်နှုန်းတစ်ခုထားပေးရန်လိုသည်"၊ ဂ) "အမျိုးသမီးများရပ်ရေး၊ ရွာရေးဆိုင်ရာ ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှု လက်တွေ့အတွေ့အကြုံများရှိရန်လိုသည်"၊ တို့ကိုအကြံပြုဖြေဆိုသည်။

**အကြံပြုချက်များ**

**ရွေးကောက်ပွဲဥပဒေ၊ လုပ်ထုံးလုပ်နည်း နှင့်ပတ်သက်၍အသိအမြင့်စိတ်ဝင်စားမှု နည်းပါးခြင်း။**

၁၅။ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်များဆိုင်ရာ အသိပညာပေးမှုများကို ၂၀၁၅ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ (အထူးသဖြင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများ) ကိုဦးတည်သွားလုပ်ဆောင်ရန်

၁၆။ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ သည် သုံးစွဲသူရှင်းလင်းလွယ်ကူစေသည့်၊ တိကျမှုရှိသည့် ဥပဒေများပြင်ဆင်ပြဋ္ဌာန်းစေရေး အတွက် အခြားသက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့်ပူးပေါင်း တိုက်တွန်းလှုံ့ဆော် ဆောင်ရွက်ရန်၊

၁၇။ လက်တွေ့တွင် အများပြည်သူနှင့်ယှဉ်ဆိုင်ရာခေါင်းဆောင်မှုနေရာများတွင် အမျိုးသမီးကိုယ်စားပြုမှုနည်းပါးနေခြင်းသည် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ခေါင်းဆောင်မှုအရည်အချင်းကိုပြသရန်အခွင့်အလမ်းနည်းပါးခြင်း၊ စံနမူနာထားရသည့်အမျိုးသမီးခေါင်းဆောင် အရေအတွက်နည်းပါးခြင်းများကြောင့်ဖြစ်ရာ၊ အမျိုးသမီးခေါင်းဆောင်မှု အရည်အချင်းကို ပြသ ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း ဆောင်ရွက်ရန်၊

၁၈။ ဖြေဆိုသူများမဲမပေးရခြင်းတွင် “မဲစာရင်းတွင်းနာမည်မပါ၍မဲမပေးရခြင်း” နှင့် “မှတ်ပုံတင် မရှိ၍မဲမပေးရခြင်း” သည် အဓိက အကြောင်းရင်းများဖြစ်သဖြင့် မဲစာရင်း တိကျ မှန်ကန်ရေး၊ နိုင်ငံသားဖြစ်သူ အသက်ပြည့်သူတိုင်း မှတ်ပုံတင်ရရှိမှု သေချာစေရေး တို့အတွက် ရေတို၊ ရေရှည် အစီအမံများချမှတ်ရာ အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် ပူးပေါင်းကာ အသိပေး တိုက်တွန်း လှုံ့ဆော်မှုများပြုလုပ်ရန်၊

# နောက်ဆက်တွဲ (၁) သုတေသနစစ်တမ်းမေးခွန်းလွှာ

## “မဲပေးသူ၏ရွေးချယ်မှု” နှင့် “အမျိုးသမီးများနိုင်ငံရေး နှင့် ရွေးကောက်ပွဲတွင်ပါဝင်မှု” သုတေသနစစ်တမ်းမေးခွန်းလွှာ

| | | | |
|---|---|---|---|
| မေးသူ အမည် | | ကျေးရွာ၊ မြို့ | |
| မေးသည့် နေ့ရက် | | မြို့နယ်၊ ခရိုင် | |
| မေးခွန်းအားလုံးဖြေဆိုမှုစစ်ဆေးပြီးလက်မှတ် | | တိုင်း၊ ပြည်နယ် | |
| လက်ခံသူအမည် (မေးသူမှဖြည့်စရာမလို) | **၁) ဖြေဆိုသူ၏အဖြေဂဏန်းကို အမှန်ချစ်ရွေးချယ်ပါ။ ၂) ထိုရွေးချယ်ထားသော ဂဏန်းကို ညာဘက်ကွက်လပ်တွင် လက်ရေးဖြင့်ချရေးပါ။** | | |

**အပိုင်း (A) ဖြေဆိုသူ၏အချက်အလက်များ**

**A1.** ဖြေဆိုသူ ကျား၊ မ

| | | |
|---|---|---|
| ၁ | ကျား | |
| ၂ | မ | |

**A2.** အသက်အရွယ် (ဖြေဆိုသူသည် အသက်၁၈နှစ် ပြည့်ပြီးဖြစ်ရမည်။)

| | | |
|---|---|---|
| | | |

**A3.** အိမ်ထောင်ရေးအခြေအနေ

| | | |
|---|---|---|
| ၁ | လူပျို၊ အပျို | |
| ၂ | အိမ်ထောင်ရှိ | |
| ၃ | အိမ်ထောင်ကွဲ | |
| ၄ | မုဆိုးဖို၊ မုဆိုးမ | |
| ၅ | လက်မထပ် အတူနေ | |

**A4.** ကလေးအရေအတွက်

| | | |
|---|---|---|
| ၁ | ကလေး ၁-၂ | |
| ၂ | ကလေး ၃-၄ | |
| ၃ | ၅ယောက်နှင့်အထက် | |
| ၄ | ကလေးမရှိ | |

**A5.** ကိုးကွယ်သည့်ဘာသာ

| | | |
|---|---|---|
| ၁ | ဗုဒ္ဓဘာသာ၊ | |
| ၂ | ခရစ်ယာန်ဘာသာ၊ | |
| ၃ | အစ္စလာမ်ဘာသာ၊ | |
| ၄ | ဟိန္ဒူဘာသာ၊ | |
| ၅ | အခြား၊ | |

**A6.** အမြင့်ဆုံးတက်ရောက်ခဲ့တဲ့ပညာအရည်အချင်း

| | | |
|---|---|---|
| ၁ | ကျောင်းမနေခဲ့ပါ။ စာမတတ်ပါ။ | |
| ၂ | ဘုန်းကြီးကျောင်းပညာရေး၊ | |
| ၃ | မူလတန်း (၁-၄ တန်း) | |
| ၄ | အလယ်တန်း (၅-၈ တန်း) | |
| ၅ | အထက်တန်း (၉-၁၀ တန်း) | |
| ၆ | တက္ကသိုလ်၊ | |
| ၇ | ဘွဲ့ရ၊ | |
| ၈ | ဘွဲ့လွန်၊ | |

**A7.** လက်ရှိအလုပ်အကိုင်

| | | |
|---|---|---|
| ၁ | လွှတ်တော်အမတ်၊ ကိုယ်စားလှယ်လောင်း | |
| ၂ | အစိုးရဝန်ထမ်း | |
| ၃ | လက်နက်ကိုင်တပ်ဖွဲ့ဝင် (ရဲ၊ စစ်တပ်၊ မီးသတ် စသည်) | |
| ၄ | နိုင်ငံရေးသမား၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ၊ ပါတီဝင် | |
| ၅ | ကိုယ်ပိုင်လုပ်ငန်း၊ ကိုယ်ပိုင်အလုပ် | |
| ၆ | လခစားဝန်ထမ်း (အစိုးရဝန်ထမ်းမဟုတ်သော) | |
| ၇ | လက်လုပ်လက်စား (ဘောက်၊နေ့စား) | |
| ၈ | ကျောင်းသား/သူ | |
| ၉ | ဈေးရောင်း၊ အရောင်းအဝယ် | |
| ၁၀ | အိမ်ထောင်ရှင်မ | |
| ၁၁ | ပင်စင်စား | |
| ၁၂ | မှီခို | |

**A8.** မိသားစုဝင်အရေအတွက် (ဖြေဆိုသူအပါအဝင်)

| | |
|---|---|
| | |

### အပိုင်း (B) မဲဆန္ဒရှင်၏ရွေးချယ်မှု

**B1.** ရွေးကောက်ပွဲနှင့်ပါတ်သက်တဲ့သတင်းတွေကို ဘယ်ကနေအများဆုံးကြားသိရပါသလဲ။

| | | |
|---|---|---|
| ၁ | ရွေးကောက်ပွဲကော်မရှင်မှ၊ | |
| ၂ | မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းမှ၊ | |
| ၃ | နိုင်ငံရေးပါတီ၊အမတ်၊ ပါတီဝင်များမှ၊ | |
| ၄ | ပါတီမဲဆွယ်စည်းရုံးရေးလှုတ်ရှားမှုများမှ၊ | |
| ၅ | သတင်းစာ၊ဂျာနယ်၊ အခြားမီဒီယာများမှ၊ | |
| ၆ | သူငယ်ချင်း၊ မိသားစုဆွေမျိုးများမှ၊ | |
| ၇ | အစိုးရဝန်ထမ်းများမှ၊ | |

**B2.** ဘယ်လိုသတင်းပေးတဲ့နည်းလမ်းက အထိရောက်ဆုံး လို့ထင်ပါသလဲ။

| | | |
|---|---|---|
| ၁ | လူထုလှုံ့ဆော်စည်းရုံး မဲဆွယ်ခြင်း။ | |
| ၂ | တီဗွီ၊ရေဒီယိုမှ ပြောဆိုစည်းရုံးခြင်း။ | |
| ၃ | တအိမ်တက်ဆင်းပြောဆိုစည်းရုံးခြင်း။ | |
| ၄ | လက်ကိုင်ဖုန်း၊ ဖေ့စ်ဘုတ်မှစည်းရုံးခြင်း။ | |
| ၅ | ပိုစတာ၊လက်ကမ်းစာစောင်များဝေခြင်း။ | |

**B3.** ၁၉၉၀ ရွေးကောက်ပွဲမှာမဲပေးခဲ့ပါသလား။

| | | |
|---|---|---|
| ၁ | ပေးခဲ့ပါတယ်။ | |
| ၂ | မပေးခဲ့ပါဘူး။ | |
| ၃ | မမှတ်မိပါ။ မသိပါ။ | |

**B4.** ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမဲပေးခဲ့ပါသလား။

| | | |
|---|---|---|
| ၁ | ပေးခဲ့ပါတယ်။ | |
| ၂ | မပေးခဲ့ပါဘူး။ | |
| ၃ | မမှတ်မိပါ။ မသိပါ။ | |

**B5.** ၂၀၁၀ ရွေးကောက်ပွဲမှာမဲပေးခဲ့ပါသလား။

| | | |
|---|---|---|
| ၁ | ပေးခဲ့ပါတယ်။ | |
| ၂ | မပေးခဲ့ပါဘူး။ | |
| ၃ | မမှတ်မိပါ။ မသိပါ။ | |

**B6.** သင်ဘာဖြစ်လို့မဲပေးခဲ့တာလဲ။ ဘာလို့မဲပေးမှာလဲ။

| | | |
|---|---|---|
| ၁ | နိုင်ငံသားတစ်ယောက်အနေနဲ့တာဝန်ရှိလို့၊ | |
| ၂ | နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ဖြစ်လို့၊ | |
| ၃ | တာဝန်သိနိုင်ငံ့ခေါင်းဆောင်ကို ရွေးချယ်ဖို့၊ | |
| ၄ | နိုင်ငံရေးပါတီ၊ ကိုယ်စားလှယ်ကို ကြိုက်လို့၊ | |
| ၅ | မိသားစု၊ သူငယ်ချင်းတွေကတိုက်တွန်းလို့၊ | |
| ၆ | အခြား၊ | |

**B7.** သင်ဘာဖြစ်လို့မဲမပေးခဲ့တာလဲ။ မဲမပေးမှာလဲ။

| | | |
|---|---|---|
| ၁ | မဲစာရင်းမှာကိုယ့်နာမည်မပါလို့။ | |
| ၂ | မှတ်ပုံတင်မရှိလို့။ | |
| ၃ | အိမ်ကတစ်ယောက်မှမဲမပေးကြလို့။ မသိလို့။ | |
| ၄ | ပါတီ/ကိုယ်စားလှယ်တစ်ခုမှမကြိုက်လို့။ မယုံလို့။ | |
| ၅ | ပါတီကိုယ်စားလှယ်လောင်းကမိန်းမဖြစ်နေလို့။ | |
| ၆ | မဲရုံကအိမ်နဲ့ဝေးလို့၊ သွားရခက်လို့။ | |
| ၇ | ကိုယ်စားလှယ်လောင်းကို သေချာမသိလို့။ | |
| ၈ | အိမ်ထောင်ဦးစီးထည့်ရင်ရပြီလို့ထင်လို့။ | |

**B8.** ပါတီကိုရွေးရင်ဘယ်အချက်ကိုကြည့်ရွေးသင့်လဲ။

| | | |
|---|---|---|
| ၁ | ပါတီရဲ့မူဝါဒ၊ ပေါ်လစီ၊ ရည်ရွယ်ချက်။ | |
| ၂ | ပါတီရဲ့ခေါင်းဆောင်ကဘယ်သူလဲ။ | |
| ၃ | ကိုယ်စားလှယ်လောင်းကဘယ်သူလဲ။ | |
| ၄ | ကိုယ့်လူမျိုးပါတီဖြစ်လို့ ရွေးပါမယ်။ | |

**B9.** လာမည့်၂၀၁၅ရွေးကောက်ပွဲမှာ ဘယ်ပါတီကိုမဲထည့် မယ်ဆိုတာ သင်ဆုံးဖြတ်ထားပြီးပြီလား။

| | | |
|---|---|---|
| ၁ | သေသေချာချာကို ဆုံးဖြတ်ထားပြီးပါပြီ။ | |
| ၂ | ဆုံးဖြတ်ထားပါတယ်။ | |
| ၃ | သိပ်မသေချာသေးဘူး။ | |
| ၄ | ဘယ်ပါတီထည့်ရမယ်ကိုမသိသေးဘူး။ မဲမထည့်ဘူး။ | |

**B10.** ကိုယ်စားလှယ်လောင်းကိုရွေးရင် သင်ဘာကို ကြည့်ရွေးမှာလဲ။

| | | |
|---|---|---|
| ၁ | ကိုယ်စားလှယ်လောင်းရဲ့ပညာအရည်အချင်း လုပ်ရည်ကိုင်ရည်၊ အားသာချက်၊ | |
| ၂ | ကိုယ်စားလှယ်လောင်းမှ မဲဆွယ်စည်းရုံးစဉ် လူထုကိုပေးတဲ့ ကတိကဂတ်များ၊ | |
| ၃ | ကိုယ်စားလှယ်လောင်းပါတီ၏ မူဂါဒ၊ ပေါ်လစီ၊ ရည်ရွယ်ချက်၊ | |
| ၄ | မိသားစု၊ သူငယ်ချင်းများကအကြံပေး တိုက်တွန်းသောကိုယ်စားလှယ်လောင်း၊ | |
| ၅ | ဘာကြည့်ရွေးရမယ်မှန်းမသိသေးပါဘူး။ | |

**အပိုင်း (C) အမျိုးသမီးများနိုင်ငံရေး နှင့် ရွေးကောက်ပွဲတွင်ပါဂင်မှု**

**C1.** လာမဲ့၂၀၁၅ရွေးကောက်ပွဲကိုသင်ဘယ်လိုပါဂင်မှာလဲ။

| | | |
|---|---|---|
| ၁ | မဲပေးသူ၊ မဲဆန္ဒရှင်အနေနဲ့၊ | |
| ၂ | ပါတီဂင်အဖြစ်နဲ့၊ | |
| ၃ | ကိုယ်စားလှယ်လောင်းအနေနဲ့၊ | |
| ၄ | ပါဂင်ဖြစ်ဖို့ မသေချာသေးပါဘူး။ | |

**C2.** မြန်မာ့လူမှုအသိုင်းအဝိုင်းမှာ အမျိုးသမီးတစ်ယောက်အနေနဲ့ အခုအချိန်မှာ အဖြစ်နိုင်ဆုံး၊ ရောက်နိုင်တဲ့ အမြင့်ဆုံး ရာထူး အဆင့်ကို အောက်ဖော်ပြပါအချက်များထဲမှရွေးပါ။

| | | |
|---|---|---|
| ၁ | နိုင်ငံတော်သမ္မတကြီး | |
| ၂ | ဒုသမ္မတ | |
| ၃ | လွှတ်တော်ဥက္ကဌ | |
| ၄ | ပြည်နယ်/တိုင်း ဝန်ကြီးချုပ် | |
| ၅ | ဝန်ကြီး | |
| ၆ | ဒုဝန်ကြီး | |
| ၇ | လွှတ်တော်အမတ် | |
| ၈ | ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးမှူး | |
| ၉ | ရပ်ကျေးဥက္ကဌ | |

**C3.** အမျိုးသမီးတွေ ကိုယ်စားလှယ်လောင်းဖြစ်ဖို့ မြန်မာ့ လူ့အဖွဲ့အစည်းမှာဘာတွေကအတားအဆီးဖြစ်နေသလဲ။

| | | |
|---|---|---|
| ၁ | ယဉ်ကျေးမှု နဲ့ လူမှုအဝန်းအဝိုင်းရဲ့ အမျိုး သမီးအပေါ်အမြင်များကြောင့်။ | |
| ၂ | ကလေးကိစ္စ၊ အိမ်မှုကိစ္စနဲ့မအားကြလို့။ | |
| ၃ | ကိုယ်စားလှယ်လောင်းဖြစ်ဖို့ လိုအပ်တဲ့ ပညာ၊ အရည် အချင်းမရှိလို့။ | |
| ၄ | မိန်းမခေါင်းဆောင်တာကို မကြိုက်လို့။ | |
| ၅ | ပါတီကလိုအပ်တဲ့ပံ့ပိုးမှုတွေ၊ အစီအမံတွေမလုပ်ပေးလို့။ | |
| ၆ | မိသားစုက အားမပေးလို့။ အိမ်နဲ့ပြဿနာတက်လို့။ | |
| ၇ | အဆက်အသွယ်ကောင်းမရှိလို့၊ငွေကြေးမတတ်နိုင်လို့။ | |
| ၈ | အမျိုးသမီးတွေကိုယ်တိုင်ကနိုင်ငံရေးကိုစိတ်မဝင်စားလို့၊ ကိုယ့်ကိုကိုယ်ယုံကြည်မှုမရှိလို့။ | |
| ၉ | နိုင်ငံရေးဆိုတာအန္တရာယ်ရှိတယ်၊ ညစ်ပတ်လို့မပတ်သက်ချင်ဘူး၊ ဝေးဝေးနေလေဘေးကင်းလေဖြစ်တယ် လို့ယူဆလို့။ | |
| ၁၀ | ရွေးကောက်ပွဲဥပဒေနဲ့ ကိုယ်စားလှယ်အမည် စာရင်းတင်သွင်းမှုလုပ်ထုံးလုပ်နည်းကအဆင်မပြေလို့။ | |

**C4.** မဲဆန္ဒရှင်တစ်ယောက်အနေနဲ့ လာမဲ့၂၀၁၅ ရွေးကောက်ပွဲမှာ အမျိုးသမီးကိုယ်စားလှယ်လောင်းကို သင်မဲပေးမှာလား။

| | | |
|---|---|---|
| ၁ | အမျိုးသမီးကို မဲမထည့်ပါဘူး။ | |
| ၂ | အမျိုးသမီးဖြစ်နေလဲ မဲထည့်ပါမယ်။ | |
| ၃ | အမျိုးသမီးဖြစ်ဖြစ် အမျိုးသားဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ | |
| ၄ | မဲထည့်ဖြစ်မလား မထည့်ဖြစ်မလားတောင် မသေချာသေးပါဘူး။ မဲမထည့်ပါဘူး။ | |

**C5.** အမျိုးသမီးကိုယ်စားလှယ်လောင်းကို မဲထည့်ဖို့ သင်ဘာကိုကြည့်ပြီး ဆုံးဖြတ်မှာလဲ။

| | | |
|---|---|---|
| ၁ | ကိုယ်စားလှယ်လောင်းရဲ့ပညာအရည်အချင်း လုပ်ရည်ကိုင်ရည်၊ အားသာချက်၊ | |
| ၂ | ကိုယ်စားလှယ်လောင်း၏ မိသားစုနောက်ခံ၊ မျိုးရိုး၊ | |
| ၃ | ကိုယ်စားလှယ်လောင်း၏ ခေါင်းဆောင်မှုဆိုင်ရာ အရည်အချင်း၊ | |
| ၄ | ကိုယ်စားလှယ်လောင်း၏လူမှုရေး၊ စီးပွားရေး နောက်ခံအကြောင်းအရာ၊ | |
| ၅ | ကိုယ်စားလှယ်လောင်း၏ဘာသာရေးယုံကြည်မှု၊ | |

**C6.** အောက်ဖော်ပြပါအချက်များထဲမှ သင်သဘောအတူဆုံး အချက်ကိုရွေးပါ။

| | | |
|---|---|---|
| ၁ | အမျိုးသားများသည် အမျိုးသမီးများထက်ပိုတော် သောမွေးရာပါနိုင်ငံရေးသမားများ ဖြစ်ကြသည်။ | |
| ၂ | အမျိုးသမီးများသည် အမျိုးသားများထက် ပိုတော် သောမွေးရာပါနိုင်ငံရေးသမားများ ဖြစ်ကြသည်။ | |
| ၃ | အမျိုးသမီးကော အမျိုးသားပါ နိုင်ငံရေးသမားကောင်းများဖြစ်ကြပါသည်။ | |
| ၄ | အရည်အချင်းရှိသော အမျိုးသမီးကိုယ်စားလှယ် လောင်းဖြစ်ပါက မဲထည့်မည်။ | |
| ၅ | အမျိုးသမီးသည် အောင်မြင်သောနိုင်ငံရေးသမားဖြစ်နိုင်သည်ဟုမယုံပါ။ ထို့ကြောင့် မဲမထည့်ပါ။ | |

## အပိုင်း (D) ရွေးကောက်ပွဲအပေါ် ယေဘူယျအမြင်

**D1.** မြန်မာနိုင်ငံလက်ရှိရွေးကောက်ပွဲဥပဒေသည် အမျိုး
သမီးနှင့်အမျိုးသားကိုတန်းတူအခွင့်အရေးပေးထားပါလား။

| | | |
|---|---|---|
| ၁ | ပေးထားပါသည်။ | |
| ၂ | ပေးမထားပါ။ | |
| ၃ | ရွေးကောက်ပွဲဥပဒေကိုမသိပါ။ မဖြေတတ်ပါ။ | |

**D2.** ရွေးကောက်ပွဲနှင့်ပါတ်သက်သော သတင်းများ၊ အချက် အလက်များ ထုတ်ပြန်ကြေငြာခြင်း၊ အသိပေးခြင်းတို့တွင် မီဒီယာများ၏ရပ်တည်ချက်သည် ဘက်လိုက်မှုမရှိ၊ သမာသမတ်ကျသည်ဟု သင်ထင်ပါသလား။

| | | |
|---|---|---|
| ၁ | သမာသမတ်ကျပါသည်။ | |
| ၂ | ဘက်လိုက်မှုရှိပါသည်။ | |
| ၃ | မသိပါ။ | |

**D3.** အမျိုးသမီးတစ်ယောက်ကိုယ်စားလှယ်လောင်းဖြစ်ဖို့ အမည်တင်သွင်းခြင်း
နှင့်အခြားလုပ်ထုံးလုပ်နည်းများသည် အမျိုးသားများယှဉ်လျင်ပိုမိုခက်ခဲပါသလား။

| | | |
|---|---|---|
| ၁ | ခက်ခဲပါသည်။ | |
| ၂ | မခက်ခဲပါ။ | |
| ၃ | မသိပါ။ | |

**D4.** ခက်ခဲသည်ဆိုပါက အဓိကအခက်အခဲ(၃)ခုကိုပြောပါ။ (ခက်ခဲသည်ဟုဖြေသူကိုသာမေးရန်)

| | |
|---|---|
| ၁ | |
| ၂ | |
| ၃ | |

**D5.** လွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ်အရေအတွက် တိုးလာဖို့ လက်ရှိဥပဒေ နှင့် ကျင့်သုံးနေမှုများကို ပြုပြင်ရန်(သို့) ပြောင်းလဲရန်လိုအပ်သည်ဟု သင်ထင်ပါသလား။

| | | |
|---|---|---|
| ၁ | ပြုပြင်ရန် (သို့) ပြောင်းလဲရန် လိုအပ်သည်။ | |
| ၂ | ပြုပြင်ရန် (သို့) ပြောင်းလဲရန် မလိုအပ်ပါ။ | |
| ၃ | မသိပါ။ | |

**D6.** ပြောင်းလဲရန်လိုအပ်သည်ဟုယူဆပါက အောက်ဖော်ပြ ပါအချက်များမှ အရေးကြီးဆုံးဟု သင်ထင်သောအချက် (၁) ချက်ကိုရွေးပါ။ (ဖြေဆိုသူတိုင်းကိုမေးရန်)


| | | |
|---|---|---|
| ၁ | အမျိုးသမီးများအခုထက် နိုင်ငံရေး၊ အုပ်ချုပ်ရေးအသိအမြင်ပိုကျယ်ဖို့လို တယ်။ | |
| ၂ | အမျိုးသမီးများ ရပ်ရေးရွာရေးဆိုင်ရာခေါင်းဆောင်မှု၊ အုပ်ချုပ်မှု လက်တွေ့အတွေ့အကြုံများ ရှိဖို့လိုတယ်။ | |
| ၃ | ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနဲ့လုပ်ထုံးလုပ်နည်းများ ဟာ ယခုထက်ပိုမိုရှင်းလင်းလွယ်ကူဖို့လိုတယ်။ | |
| ၄ | နိုင်ငံရေးပါတီများအနေနဲ့ ကိုတာစံနစ်ကျင့်သုံးဖို့ လိုတယ်။ | |
| ၅ | လွှတ်တော်မှာ အမျိုးသမီးများအတွက် သီးသန့် ဖယ်ထားတဲ့ %တစ်ခု ထားရှိဖို့လိုတယ်။ | |


Danish Institute for Parties and Democracy (DIPE), the UN Women, and the Royal Government of Bhutan တို့မှ ၂၀၁၄ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော သုတေသနလေ့လာချက် (Study of the Determinants of Voter's Choice and Women's Participation in Elective Offices in The Kingdom of Bhutan) ၏ မေးခွန်းလွှာအပေါ်တွင် အခြေခံသည်။


# နောက်ဆက်တွဲ (၂) မဲပေးသည့်အလေ့အထနှိုင်းယှဉ်ချက်


**၁၉၉၀၊ ၂၀၀၈၊ နှင့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲ တွင် တိုင်းနှင့်ပြည်နယ် ၁၄ ခု၏ မဲပေးသည့်အလေ့အထ နှိုင်းယှဉ်ချက်**


Section B: Determination of Voter's Choice


































Shan State
100
50
0
Yes
No
Don't Know
1990
2008
2010


Rakhine State
100
50
0
Yes
No
Don't Know
1990
2008
2010


Mon State
100
50
0
Yes
No
Don't Know
1990
2008
2010


Kayin State
60
40
20
0
Yes
No
Don't Know
1990
2008
2010


Kachin State
60
40
20
0
Yes
No
Don't Know
1990
2008
2010


Shan State
100
50
0
Yes
No
Don't Know
1990
2008
2010

This research paper is made possible through the financial support of Amatae (Civil Society Strengthening Project)